ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ Friday, 21 March 2025 ၁၁၇၆၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးက လာရောက်ဂါရဝပြုတွေ့ဆုံ

## ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့် အခြေအနေများ ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အောင်မြင်သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၂၀

| | | |
|---|---|---|
| ချောက် | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ ဒသမ၇ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၀ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

**ယနေ့ ဖတ်စရာ**

၂၀၂၅ အလွန် မြန်မာနိုင်ငံအား ရည်မျှော်သည့် နိုင်ငံတကာအဆင့် ဆွေးနွေးပွဲတစ်ရပ် နေပြည်တော်တွင် ခမ်းခမ်းနားနား ကျင်းပမည်

ဆောင်းပါး စာမျက်နှာ » ၈

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၄ ဦးနှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ ဦးရှိ

စာမျက်နှာ » ၁၁

ကြေးမုံ

# ပြည်ထောင်စုရှေ့ခရီးချောမွေ့စေရေး မြန်မာဟူသောစိတ် ထားရှိမွေးမြူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ပေါ်ထွက်လာသောအစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် လိုအပ်လျက်ရှိသော နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာ ရည်မှန်းချက်သို့ ရောက်နိုင်မည်ဖြစ်သည်။

ပစ္စုပ္ပန်ကာလ၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်မှာ ဥပဒေနှင့်အညီ အေးအေးချမ်းချမ်းနေထိုင်လုပ်ကိုင်စားသောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးဖြစ်သည်။ နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တန်းတူညီမျှခံစားနိုင်မည့် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေးကို ဦးတည် ကြိုးပမ်းလျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များ အချိန်တိုအတွင်း ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ နှင့်အတူ တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါ သည်။ အနာဂတ်အင်အားများဖြစ်သည့် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန် စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုး ဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါသည်။

ယနေ့အချိန်ကာလသည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်း နေချိန်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသူ နိုင်ငံသားများအားလုံး အနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာ ခြင်းနှင့် အသိဉာဏ်ပညာပြည့်ဝခြင်းတို့သည် မရှိမဖြစ်လိုအပ်သောအချက်များ ဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အကျိုးစီးပွားများကို ဖြစ်ထွန်းစေပါသည်။

ယနေ့ကာလ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကို ကြည့်မည်ဆိုလျှင် စည်းလုံး ညီညွတ်မှုအင်အားများ အခိုင်အမာတည်ဆောက်ထားကြသည်ကို တွေ့ရမည် ဖြစ်သည်။ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဟူသော စကားနှင့်အညီ မိမိတို့တိုင်းပြည် ခိုင်မာတောင့်တင်းအောင် ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက် ထားကြရမည်ဖြစ်သည်။ သို့သော် မျက်မှောက်ကာလ မြန်မာနိုင်ငံ၏အခြေအနေ မှာ နိုင်ငံတည်ဆောက်ရေးကို ဖြောင့်တန်းစွာမလုပ်နိုင်ဘဲ တိုင်းဖျက်ပြည်ဖျက် အန္တရာယ်များကို ပြည်တွင်းအင်အားဖြင့် ကြိုးစားကာကွယ်နေရသဖြင့် တည်ငြိမ် အေးချမ်းမှုများအားနည်းပြီး ဖွံ့ဖြိုးတိုးတက်မှုများနှင့် အလှမ်းဝေးနေသည်ကို မြင်တွေ့နိုင်သည်။

မျက်မှောက်ကာလ ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်မှုများသည် နိုင်ငံရေးအမြင်မတူညီမှုများကို အခြေခံသကဲ့သို့ တသီးတခြား ရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားများကိုသာ ရှေ့တန်းတင်လိုမှုများကြောင့် ပေါ်ပေါက်နေခြင်းဖြစ်သည်။ နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်နေကြသည်။ အကြမ်းဖက်မှုများ၏ နောက်ကွယ်တွင် ပြည်တွင်းပြည်ပမှ အမျိုးမျိုးသောပံ့ပိုးမှုများနှင့် သွေးထိုးလှုံ့ဆော်မှု များ ပါဝင်နေသည်ကို နိုင်ငံသားတိုင်း သတိချပ်သင့်ပြီး စည်းလုံးညီညွတ်မှုပျက်ပြား ရာမှ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခများကို သင်ခန်းစာယူရန် အချိန်ကာလဖြစ်သည်။

ယနေ့ လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပတ်သက်သူများအနေဖြင့် ပြည်သူများ ဒုက္ခဆင်းရဲရောက်စေပြီး နိုင်ငံကို အန္တရာယ်ကျရောက်စေသည့်လုပ်ရပ်များကို နိုင်ငံနှင့် ပြည်သူ့အကျိုးကိုရှေးရှု ၍ ရပ်တန့်ကြရန်လိုသည်။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း စည်းလုံးညီညွတ်မှု ကို ခိုင်မာစွာတည်ဆောက်၍ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ မြန်မာဟူသော စိတ်ထားတစ်ခုတည်းထားရှိပြီး လက်တွဲပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ပြည်ထောင်စုကြီးရှေ့ခရီး အစဉ်သာယာချောမွေ့မှုကို မလွဲကေန်ရရှိနိုင်မည်ဖြစ်ပါ ကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိုးနိုင်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေး၊ ဘဏ္ဍာရေးနှင့်ကျန်းမာရေးဌာနကြီး<br>အမျိုးသားလွှတ်တော်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး |
| ( ခ ) | ဦးတင်လတ်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၃ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၃၇ | ၂၆၆,၄၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၁,၈၂၂ | ၅,၈၁၀,၃၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၅,၆၂၂ | ၁၀,၁၂၄,၆၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၀ | ၂၉,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၄၂ | ၆၇,၂၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၂၀၀ | ၆၅၀,၀၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၁ | ၃,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား လက်ခံတွေ့ဆုံစဉ်။

❂ ရှေ့ဖုံးမှ

ခရီးစဉ်ဖြစ်ခဲ့မှု အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရရှိခဲ့သည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆွေးနွေးရန်ကျန်ရှိသည့် အချက်များကို ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်များသို့ လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြားချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❛ချစ်ကြည်ရေးခရီးစဉ်အတွင်းရရှိခဲ့သည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆွေးနွေးရန်ကျန်ရှိသည့်အချက်များကို ဆက်လက်ဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လွှတ်တော်များသို့ လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး❜

## ၂၀၂၅ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2025) လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံဆု (ASEAN Prize 2025)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
( ခ ) အာဆီယံနှင့်ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေး ဆောင်ရွက်မှုများ၊
( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) amns.mofa@gmail.com သို့ **၁၁-၄-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

○ ကျောဖုံးမှ

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## ရှင်းလင်းပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီ အစိုးရအနေဖြင့် ထပ်မံ၍ နိုင်ငံတော်၏အာဏာကို ဥပဒေနှင့်မညီဘဲ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ကလောတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အတင်းအဓမ္မရယူရန် သိသာစွာ လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံတော်၏ အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းခဲ့ရမှု၊ တပ်မတော်မှ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့ရာမှ နောက်ပိုင်းတွင် NCA လက်မှတ်ရေးထိုးပြီးသော အချို့သော လက်နက်ကိုင်အဖွဲ့အစည်းအချို့သည် ကျန်ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်း၍ တပ်မတော်အား နှောင့်ယှက်တိုက်ခိုက်လာခြင်း၊ ပြည်ပမှ သွေးထိုးမြှောက်ပင့်မှုများကြောင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများ ပေါ်ပေါက်လာကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်၏အဓိကကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်ပြိုကွဲရေးနှင့် တပ်နှင့်ပြည်သူ သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုံခြုံရေးနှင့် တည်ငြိမ်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ဦးစွာ ရှင်းလင်းပြောကြားသည်။

ဆက်လက် ပြောကြားရာတွင် တပ်မတော်သားများ အနေဖြင့် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လိုသည့် စိတ်ဆန္ဒများဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများပီပီ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပေးအပ်လာသည့် မည်သည့်တာဝန်ဝတ္တရားများကိုမဆို ကျေပွန်စွာ ထမ်းဆောင် သွားကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကြံ့ကြံ့ခံတွန်းလှန်သွားရန် လိုကြောင်း။

## ဆောင်ရွက်လျက်ရှိ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်ပြီးမြောက်ရန် ကျင်းပနိုင်ရေးပင်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံများသို့ နိုင်ငံတော်အဆင့်(Official State Visit) ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်များတွင်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (သို့မဟုတ်) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အစောဆုံးကျင်းပသွားရန် စီစဉ်ထားကြောင်းကို ကမ္ဘာသိချပြဆွေးနွေးခဲ့ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးအချက်ဖြစ်သည့် **“ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”**ကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးမှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရန် အတွက် နယ်မြေ တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသဖြင့် မိမိတို့ တပ်မတော်သားများ အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသအလိုက် ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

## လွှဲပြောင်းပေးနိုင်မည်

ယင်းသို့ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးပါက ရွေးချယ်ခံ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းသည့် လွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များ စသည်ဖြင့် အဆင့်ဆင့်သော အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်၏ အာဏာကြီးသုံးရပ်အား လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ○

○ စာမျက်နှာ ၄ မှ

ဒို့တာဝန် အရေးသုံးပါးကို ကာကွယ် စောင့်ရှောက်ရန်နှင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်၌ အင်အား တောင့်တင်းရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းထားခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ စတင်အာဏာ တည်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းထားရှိပြီး သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးကာ ခန့်အပ်တာဝန်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချို့သော ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ဥပဒေနှင့်မညီသော မလိုလားအပ်သည့် ငွေကြေး မသမာမှုများကြောင့် စုဆောင်းခံရသည့် ပြည်သူ့စစ်မှုထမ်းအချို့၌ အခက်အခဲအကျပ်အတည်းဖြစ်ပေါ်လာကာ အဆိုပါ နိစ္စဒူဝပြဿနာကိုလည်း ဖြေရှင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့ တပ်မတော်သားများ အနေဖြင့် ပြည်သူ့စစ်မှုထမ်းနှင့် ပတ်သက်၍ အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များ၏ မှားယွင်းသော လုပ်ဆောင်မှုများ တွေ့ရှိပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြဆောင်ရွက်ပေးကြရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်း ဆိုင်ရာများနှင့်ပတ်သက်၍ အချို့သော ဒေသများတွင် သွားလာမှုကန့်သတ်ချက်များရှိသည့်အတွက် အဆိုပါဒေသရှိ တပ်ရင်း/တပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေးနှင့် ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ၌ အနည်းနှင့်အများဆိုသလို အခက်အခဲများ ရှိနိုင်သည့်အတွက် တာဝန်ရှိသူများ အနေဖြင့် မျက်ခြည်မပြတ် ကြည့်ရှုပြီး အချိန်မီဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ၎င်းအပြင် သက်ဆိုင်ရာ ကွပ်ကဲအုပ်ချုပ်သည့် တပ်မှူးများအနေဖြင့်လည်း မိမိတပ်ရင်း/တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို တပ်မှူးကောင်း စိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလို အားကောင်း လာမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်း အားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝ ရရှိအောင် ကြပ်မတ် ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံကို ဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏ အဓိကအဓိကဒေါက်တိုင်ဖြစ်သော တပ်မတော်ကိုဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည့်အတွက် တပ်မတော်သားနှင့် မိသားစုဝင်များ အနေဖြင့် တပ်တွင်း စည်းလုံးညီညွတ်ရေးကို ရေပက်မဝင်သော စည်းလုံးညီညွတ်မှုဖြင့် ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ကြရန်နှင့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ကျင့်ကြံ နေထိုင်သွားရန်လိုကြောင်း။

တပ်မတော်သားများ၏လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသော ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နေရသူများ ဖြစ်၍ အမြဲကိုယ်ခန္ဓာကျန်းမာသန်စွမ်း၍ လိုအပ်သလို စိတ်ဓာတ်ကလည်း ကြံ့ခိုင်နေရမည် ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားတစ်ဦးချင်းသည် မည်မျှပင် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ချင်သည်ဖြစ်ပါစေ ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု ချို့ယွင်းချက်ရှိမည်ဆိုပါက မည်သို့မျှ ပေးအပ်လာသည့် တာဝန်ဝတ္တရားများ မှန်သမျှအား အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်သည့်အတွက် ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ကြံ့ခိုင်မှုကောင်းမွန်ရန် အထူးပင်အရေးကြီးကြောင်း၊ သို့ဖြစ်၍ စနစ်တကျ နေထိုင်စားသောက်သွားခြင်းနှင့် တစ်ကိုယ်ရေလေ့ကျင့်ခန်းများ၊ စုပေါင်း လေ့ကျင့်ခန်းများဖြင့် ဆောင်ရွက်ကြရန်လည်း လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအတွင်း DYL ဝက်နှင့် ဥစားကြက်များ မွေးမြူထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကလောမြို့ရှိ ဆုတောင်းပြည့်နီးဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများထွန်းညှိပူဇော်ကာ ရွှေသင်္ကန်းများ ကပ်လှူဖူးမြော်ကြည်ညိုခဲ့ကြပြီး ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ကလောမြို့ရှိ ဆုတောင်းပြည့်နီးဘုရားအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များအတွင်း ဥစားကြက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

- ☆ **သက်ဆိုင်ရာ ကွပ်ကဲအုပ်ချုပ်သည့် တပ်မှူးများအနေဖြင့်လည်း မိမိတပ်ရင်း / တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို တပ်မှူးကောင်းစိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး**
- ☆ **အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုအားကောင်းလာမည်၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက်လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၏ ဝန်ထမ်းများနှင့် မိသားစုဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသင်္ကန်းတော်များဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၏ ဝန်ထမ်းများနှင့် မိသားစုဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကပ်လှူသည့် ရွှေပြားသင်္ကန်းတော် ခြောက်ကျပ်သား နှစ်ချပ်နှင့် တစ်ကျပ်သား ၁၃ ချပ်တို့အတွက် အလှူငွေကျပ် ၆၂၅၀၀၀၀၀ အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရေးဟောင်းတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အလှူတော်ငွေကျပ် ၆၂၅ သိန်းတန်ဖိုးရှိ ရွှေပြားသင်္ကန်းတော် ၁၅ ချပ်ကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များသည် ရွှေသင်္ကန်းခြောက်ကျပ်သား နှစ်ချပ်ကို ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ငှက်ပျောဖူး၌လည်းကောင်း၊ ရွှေသင်္ကန်း တစ်ကျပ်သား ၁၃ ချပ်ကို အထက်ပစ္စယံ (၈) မြောက်ဘက်၌ လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ တက်ရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၀**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque နှင့်အဖွဲ့အား ယနေ့တွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျီနီဗာသဘောတူညီချက် လေးခုကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့်ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိများအတွက် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ(IHL)ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နီပေါဝန်ကြီးချုပ်ဟောင်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်းတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ရန် ရောက်ရှိနေသည့် နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း Mr. Sihasak PHUANGKETKEOW တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ ထိရောက်သည့် အကြံပြုချက်များပေးနိုင်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fudanတက္ကသိုလ်မှ ပါမောက္ခ Mr.Zhang Wei နှင့် အဖွဲ့အား နေပြည်တော်ရှိ Horizon Lakeview resort ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း Mr. Sihasak PHUANGKETKEOW အား လက်ခံတွေ့ဆုံစဉ်။

# တပ်ကုန်းမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**တပ်ကုန်း မတ် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားသည်။



ထို့နောက် စာရေးဆရာ အကြီးကိုကို(ကသာ)က မြို့နယ်ပြည်သူ့စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး "လူ့တန်ဖိုး၊ လူ့ဂုဏ်သိက္ခာ" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# တောင်ကြီးမြို့၌ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းဖွင့်လှစ်

**တောင်ကြီး မတ် ၂၀**

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများအတွက် အခြေခံစာရင်းကိုင်နှင့် စာရင်းစစ် သင်တန်း(အမှတ်စဉ်)ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက်က သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး) မြတ်ဘုန်းရောင်သင်တန်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က တက်ရောက်အမှာစကားပြောကြားသည်။



အဆိုပါ သင်တန်းကာလကို မတ် ၁၈ ရက်မှ ၃၁ ရက်အထိ ၁၄ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် မတ် ၂၀

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများသည် နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ရှိနေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ ယနေ့စုပေါင်းသွေးလှူဒါန်းကြသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီးများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းစုစုပေါင်း ၁၈၂ ဦးတို့က ဂုဏ်ပြုသွေးလှူဒါန်းကြသည်။

သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်(၁)နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ မိုးခိုင်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ် အောင်မြတ်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကား ပြောကြားကာ သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ ဆေးရုံဝန်ထမ်းများနှင့် ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအတွက် အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၂၁ ရက်တွင် နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၁၁၁ ဦးတို့က ဆက်လက်၍ စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



နေပြည်တော် မတ် ၂၀

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမတို့၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာရှင် သွေးအလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်သွေးအလှူရှင်ပြည်သူများ စုစုပေါင်း ၁၈၅ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စု ခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်နေရာများ၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နတ်တလင်းမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နတ်တလင်း မတ် ၂၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းမြို့နယ်ရုံးမှ ဝန်ထမ်းများက ယမန်နေ့နံနက် ၉ နာရီက ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်နှင့်ဝန်ထမ်းများက ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် တက်ရောက်ကုသလျက်ရှိသော လူနာများနှင့် မိသားစုဝင်များအား ဇီဝဆိုင်ရာအချက်အလက် စိစစ်ကောက်ယူပြီး Database တွင် သိမ်းဆည်း၍ ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်ကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး (ပြန်/ဆက်)



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး၌ မျက်စိခွဲစိတ်ကုသ

ပုသိမ် မတ် ၂၀

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းတွင် နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါန အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိသည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းမှစ၍ တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များအား စတင်ခွဲစိတ်ကုသပေးခဲ့ရာ ယနေ့တွင် မျက်စိဝေဒနာရှင် စုစုပေါင်း ၄၂ ဦးအား ခွဲစိတ်ကုသပေးသည်။ အဆိုပါခွဲစိတ်ကုသပေးရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၏ ဇနီး ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့မှ မျက်စိဝေဒနာရှင်များကို သွားရောက်အားပေးကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ မျက်စိကျန်းမာရေးစစ်ဆေးပေးခြင်းကို မတ် ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သောလူနာများအား ယနေ့နံနက် ၉ နာရီမှ စတင်ကာ ခွဲစိတ်ကုသပေးရာတွင် မျက်စိဝေဒနာရှင် ၄၂ ဦးအား ခွဲစိတ်ပေးနိုင်ခဲ့သည်။ ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ မျက်စိခွဲစိတ်ကုသခြင်းကို မတ် ၂၄ ရက်အထိ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၂၀

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ၂၀၂၅ အလွန် မြန်မာနိုင်ငံအား ရည်မျှော်သည့် နိုင်ငံတကာအဆင့် ဆွေးနွေးပွဲတစ်ရပ် နေပြည်တော်တွင် ခမ်းခမ်းနားနားကျင်းပမည်

ရုရှား၊ အိန္ဒိယ၊ တရုတ်၊ အီတလီ၊ ဂျပန်၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှ ထိပ်တန်းပညာရှင်များနှင့် သုတေသီများက ၂၀၂၅ အလွန်ကာလအား ရည်မျှော်ပြီး မြန်မာနိုင်ငံ ကြုံတွေ့ရမည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရှေ့ဆက်သွားရမည့် လမ်းပြမြေပုံအား ဦးနှောက်မုန်တိုင်းဆင်ကာ ဆွေးနွေးကြမည်ဖြစ်သည်။ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ၊ အတတ်ပညာရှင်များ၊ သံတမန်များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ထင်ရှားသည့်ပုဂ္ဂိုလ်များ တက်ရောက်ကြမည့် နိုင်ငံတကာအဆင့်ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ခမ်းခမ်းနားနားကျင်းပလျက်ရှိပါသည်။

ဘာသာပြန်ဆိုသူ
ကျော်နိုင်တင့်

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးပြီး မကြာသေးမီက ဖွဲ့စည်းထားသည့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က စီစဉ်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသည် ကမ္ဘာ့စနစ်တွင် အရေးကြီးသော ပါဝါရွှေ့ပြောင်းမှုများဖြစ်နေချိန်တွင် ကျင်းပခြင်းလည်းဖြစ်သည်။ ဆွေးနွေးပွဲ၏ခေါင်းစဉ်ကို ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲဟု အမည်ပေးထားသည်။

ကမ္ဘာ့စနစ်သည် လွန်ခဲ့သည့်လအနည်းငယ်အတွင်းကပင် သိသိသာသာပြောင်းလဲလာခဲ့ရာ စိန်ခေါ်မှုအသစ်များ ကြုံတွေ့ရနိုင်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်ဆိုလျှင်လည်း ၂၀၂၅ ခုနှစ်အလွန်ကာလတွင် အပြုသဘောဆောင်သည့် အသွင်ကူးပြောင်းမှုများ ပြုလုပ်နိုင်မည်ဖြစ်ရာ အခွင့်အလမ်းသစ်များလည်း ရရှိနိုင်သည်။



### ဗဟုဝင်ရိုးကမ္ဘာခေတ်သည် အားကောင်းမောင်းသန်နှင့် ပေါ်ထွက်လာခဲ့

ဧကဝင်ရိုးကမ္ဘာမှ ဗဟုဝင်ရိုးကမ္ဘာသို့ ပါဝါပြောင်းရွှေ့မှုသည် နက်နက်ရှိုင်းရှိုင်းပြောင်းလဲနေခြင်းဖြစ်သည်။ ဗဟုဝင်ရိုးကမ္ဘာခေတ်သည် မကြာသေးမီနှစ်များ၊ လများအတွင်းကတည်းက အားကောင်းမောင်းသန်နှင့် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ဥရောပနှင့် အမေရိကန်တို့နည်းတူ အိန္ဒိယ၊ တရုတ်နှင့် ရုရှားနိုင်ငံတို့ကဲ့သို့သော Civilizational States တို့သည် ကမ္ဘာ့အထိုင်သစ်တွင် ဝင်ရိုးများအဖြစ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ BRICS–plus, SCO, ASEAN နှင့် Gulf Cooperation Council (GCC) တို့သည် ကမ္ဘာလုံးဆိုင်ရာမြင်ကွင်းအား ပုံဖော်ရာတွင် အလွန်အရေးပါအရာရောက်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။

တစ်နည်းအားဖြင့် ဧကဝင်ရိုးကမ္ဘာခေတ်သည် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် စတင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ပါဝါတို့သည် ပြန့်ကြဲလာခဲ့ပြီဖြစ်သည်။ ပလေယာအသစ်များနှင့် အဖွဲ့အစည်းသစ်များသည် မိုးကုပ်စက်ဝိုင်းအောက်တွင် ဟိုနေရာဒီနေရာမှ ပေါ်ထွက်လာခဲ့ပြီး အထက်တန်းစားနေရာများတွင် ရရှိရန်တောင်းဆိုလာကြသည်။ ယူကရိန်းပဋိပက္ခသည် အရှိန်ကျလာနေပြီဖြစ်သည်။ အဓိကအားဖြင့် အမေရိကန်နှင့်ရုရှားတို့သည် အတူလက်တွဲအလုပ်လုပ်လာကြသည်။ အတ္တလန္တိတ်မဟာမိတ်တို့မှာမူအတွင်းပိုင်း၌ အက်ကြောင်းများ ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။

အထိုင်ဟောင်းသည် အရေခွံလဲရန် လိုအပ်လာပြီဖြစ်ရာ ကမ္ဘာ့အထိုင်သစ်တစ်ခုဖန်တီးရန် ဗဟုဝင်ရိုးကမ္ဘာမှ အင်အားကြီးနိုင်ငံများနှင့် Global South မှ နိုင်ငံများအကြား ဆွေးနွေးကြမည့် Yalta 2.0 ဖြစ်ပေါ်လာရေးအတွက် တရားမျှတမှုကို အပူတပြင်းတောင်းဆိုနေကြပြီဖြစ်သည်။ အဆိုပါဆွေးနွေးမှုသည် ခရိုင်းမီးယားရှိ နာမည်ကျော်မြို့တစ်မြို့တွင် ဒုတိယကမ္ဘာစစ်မပြီးခင်က ကျင်းပခဲ့သည့် Yalta 1.0 က ချမှတ်ခဲ့သည့် အထိုင်ဟောင်းနေရာတွင် အစားထိုးဝင်ရောက်လာမည်ဖြစ်သည်။ ယင်းမှာ ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ထိုစဉ်က ဧကဝင်ရိုးအထိုင်နှင့် စစ်ပြီးခေတ် ဒွိဝင်ရိုးကမ္ဘာတွင် ပထမဆုံးထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်သည် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက်သမ္မတအဖြစ် တစ်ကျော့ပြန်ရောက်ရှိလာခဲ့ရာ ကစားပွဲကို လုံးဝပြောင်းလဲစေခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံအတွက်ဆိုပါက ခမ်းနားသည့် အခွင့်အလမ်းသစ်များ ရရှိလာစေရန် လမ်းပွင့်စေခဲ့သည်။ စတုတ္ထနိုင်ငံရေးသီအိုရီကို ဖော်ထုတ်ရေးသားခဲ့သူ ရုရှားတွေးခေါ်ပညာရှင် Alexander Dugin သည် ယခုကွန်ဖရင့်တွင် မိန့်ခွန်းတစ်ရပ် ပြောမည်ဖြစ်သည်။ သမ္မတဒေါ်နယ်ထရမ့်သည် ထုထည်ကြီးမားသော ရှေးရိုးစွဲတော်လှန်ရေးတစ်ရပ်ကိုစတင်ခဲ့ရာ ယခုဆိုလျှင် အမေရိကန်ကိုကျော်လွန်ပြီး ဥရောပကိုပင် ရောက်ရှိပျံ့နှံ့ရန် ရည်ရွယ်ထားပုံရပါသည်။

### အမြစ်ကနေဖြိုလှဲရန် ဦးတည်ချက်ထား

အချုပ်အခြာပိုင်နိုင်ငံများက ခုခံသည့်အချိန်တွင် အစိုးရအပြောင်းအလဲဖြစ်အောင် ပြုလုပ်ပြီး တစ်ခုတည်းသော အင်အားကြီးနိုင်ငံ တည်ဆောက်မည်ဆိုသည့် အယူဝါဒရေးရာတစ်ရပ် သို့မဟုတ် ကမ္ဘာပြုမှုအပေါ် သမ္မတဒေါ်နယ်ထရမ့်က တိုက်ခိုက်ဖြိုလှဲနေခြင်းတို့နှင့်ပတ်သက်၍လည်း ယခုဆွေးနွေးပွဲတွင် ဆွေးနွေးကြဖွယ်ရှိသည်။ သမ္မတဒေါ်နယ်ထရမ့်သည် ဘာသာရေး၊ ဓလေ့ထုံးတမ်းနှင့် မိသားစုတို့အပေါ်တိုက်ခိုက်မှု၊ Woke Culture၊ Cancel Culture၊ LGBTQ စသည့် ကမ္ဘာပြုမှုဖြစ်စဉ်၏ ယဉ်ကျေးမှုဆိုင်ရာဒိုင်မန်းရှင်းများကို အမြစ်ကနေဖြိုလှဲရန် ဦးတည်ချက်ထားနေပါသည်။

နာမည်ဆိုးဖြင့် ကျော်ကြားသည့် BURMA Act ကို အကောင်အထည်ဖော်ရန် ရည်ရွယ်လုပ်ဆောင်နေသည့် USAID အေဂျင်စီကဲ့သို့သော အင်စတီကျူးရှင်းများကို သမ္မတဒေါ်နယ်ထရမ့် တစ်ကျော့ပြန်တက်လာချိန်တွင် ရုတ်တရက်ကျဆင်းသွားခဲ့ခြင်းကနေ မြန်မာနိုင်ငံအနေဖြင့် မည်သို့သော အခွင့်အလမ်းများရရှိနိုင်ကြောင်း ယခုဆွေးနွေးပွဲတွင် ဦးနှောက်မုန်တိုင်းဆင်ကာ ဆွေးနွေးကြဖွယ်ရှိသည်။

ဘဏ္ဍာရေးအရကြည့်ပါက BURMA Act သည် ၎င်းတို့အခေါ် ဒုက္ခသည်ကူညီထောက်ပံ့ရေး၊ အထူးသဖြင့် ထိုင်းနိုင်ငံတွင် စခန်းချနေသူများအတွက် အမေရိကန်ဒေါ်လာ ၇၅ သန်း ထောက်ပံ့ပေးခဲ့သည်။ ယင်းတို့အထဲမှ လူကိုသေစေနိုင်သည့် အကြောင်းအချက်များနှင့်မဆိုင်သော အထောက်အပံ့ Non–Lethal assistance ဆိုသည့် ခေါင်းစဉ်အောက်တွင် တလွဲအသုံးပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG နှင့် PDF တို့ကို အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့ပေးခဲ့သည်။

### ပညာရှင်များက ဆွေးနွေးအဖြေရှာကြမည်

ပြောင်းလဲလာနေသည့် ကမ္ဘာလုံးဆိုင်ရာ အခြေအနေများသည် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အခွင့်အလမ်းသစ်များ မည်သို့ရရှိနိုင်သည်၊ ၂၀၂၅ အလွန်တွင် ခမ်းနားသည့် အသွင်ကူးပြောင်းမှုအတွက် မည်သို့သောလမ်းကြောင်းများ ပေါ်ပေါက်လာနိုင်သည်ကို တက်ရောက်လာကြသည့် ပညာရှင်များက ဆွေးနွေးအဖြေရှာကြမည်ဖြစ်သည်။

ကသောင်းကနင်းဖြစ်နေသည့် ကမ္ဘာ့အပြောင်းအလဲတွင် နိုင်ငံစုံအဖွဲ့အစည်းနှစ်ခုဖြစ်သည့် ASEAN နှင့် BRICS+ နှင့်အတူ အိန္ဒိယ၊ တရုတ်၊ ရုရှားနှင့် အမေရိကန်တို့ ပါဝင်သည့် ပလေယာလေးဦးနှင့် ထိတွေ့ဆက်ဆံခြင်းသည် အဓိကသော့ချက်ဖြစ်နိုင်သည့် ပထဝီနိုင်ငံရေးဗိသုကာအဆောက်အအုံကို ပြန်လည်တည်ဆောက်နိုင်သည့် အခွင့်အလမ်းသစ် မြန်မာနိုင်ငံရရှိနိုင်မည်လားဆိုသည်ကို တက်ရောက်လာကြသည့်ကိုယ်စားလှယ်များက ဆွေးနွေးကြဖွယ်ရှိသည်။

အခြားရည်ရွယ်ချက်များလည်း ရှိကောင်းရှိနိုင်ပါသည်။ မြန်မာနိုင်ငံသည် အနာဂတ်တွင် ချမ်းသာကြွယ်ဝမှုရရှိစေရေးအတွက် ပထဝီနိုင်ငံရေးအားသာချက်ကို အသုံးချနိုင်မည်လား စသည်တို့ကိုလည်း ဆွေးနွေးနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးသာရရှိပါက အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ပါဝင်သည့် သုံးပွင့်ဆိုင်ရထားလမ်းစီမံချက်

စာမျက်နှာ ၉ သို့ ○

☆ နာမည်ဆိုးဖြင့် ကျော်ကြားသည့် BURMA Act ကို အကောင်အထည်ဖော်ရန် ရည်ရွယ်လုပ်ဆောင်နေသည့် USAID အေဂျင်စီကဲ့သို့သော အင်စတီကျူးရှင်းများကို သမ္မတဒေါ်နယ်ထရမ့် တစ်ကျော့ပြန်တက်လာချိန်တွင် ရုတ်တရက်ကျဆင်းသွားခဲ့ခြင်းကနေ မြန်မာနိုင်ငံအနေဖြင့် မည်သို့သောအခွင့်အလမ်းများ ရရှိနိုင်ကြောင်း ယခုဆွေးနွေးပွဲတွင် ဦးနှောက်မုန်တိုင်းဆင်ကာ ဆွေးနွေးကြဖွယ်ရှိ

☆ မြန်မာနိုင်ငံအနေဖြင့် ဗဟုဝင်ရိုးကမ္ဘာအထိုင်သစ်ထဲသို့ ဝင်ရောက်လာခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုအတွက် မမျှော်လင့်ထားသည့် အခွင့်အလမ်းများ၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုကို ရှေ့ဆောင်လမ်းပြနိုင်မည့် နောက်ထပ်သမိုင်းဝင် အခွင့်အရေးတစ်ရပ် ရှိနိုင်မည်လားဆိုသည်ကို ပထမဆုံးအကြိမ် လူသိရှင်ကြားဆွေးနွေးကြမည်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)က စီစဉ်ကျင်းပသည့်"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lakeview Resort ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဒေါက်တာကံဇော်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒေါ်နုမြဖုံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါ နိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ညစာစားပွဲ မစတင်မီ ပြည်ထောင်စုဝန်ကြီးများက ညစာစားပွဲသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် **"ရွှေမြန်မာနိုင်ငံ (Golden Land Myanmar) "** မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိအနေဖြင့် အဆွေတော်တို့ကို မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်၌ ယခုကဲ့သို့ ညစာစားပွဲဖြင့် ကြိုဆိုခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆွေတော်တို့ အနေဖြင့် Keynote Speaker အနေဖြင့်ဖြစ်စေ၊ ဆွေးနွေးသူ Panelist အနေဖြင့် ဖြစ်စေ၊ လေ့လာသူ Observer အနေဖြင့် ဖြစ်စေ ယခုသုံးသပ် ဆွေးနွေးပွဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပေးသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

အဆွေတော်တို့ သိပြီးဖြစ်သည့်အတိုင်း ယနေ့ ကမ္ဘာ့အခြေအနေ အရပ်ရပ်သည် ဗဟုဝင်ရိုးကမ္ဘာအဖြစ် ကူးပြောင်းနေပြီဖြစ်ပါကြောင်း၊ ဤကဲ့သို့ ကူးပြောင်းလာသည့်အတွက် ဘယ်လို စိန်ခေါ်မှုများရှိလာမလဲ၊ ဘယ်လိုအခွင့်အလမ်းများ ရလာမလဲ၊ မိမိတို့လို နိုင်ငံငယ်လေးများအနေဖြင့် ဗဟုဝင်ရိုးကမ္ဘာ၌ ဘယ်လိုရပ်တည်ချက်မျိုး ထားရှိကြမလဲဆိုသည်ကို ဆွေးနွေးအဖြေရှာရန်အတွက် မိတ်ဆွေများကို ဖိတ်ခေါ်ပြီး ယခုလိုသုံးသပ် ဆွေးနွေးပွဲတစ်ခုအနေဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

အဆွေတော်တို့သည် အတွေ့အကြုံရှိကြသူများ ဖြစ်သည်နှင့်အညီ ဆွေးနွေးချက်များ၊ သုံးသပ်ချက်များက မိမိတို့အတွက် တန်ဖိုးကြီးသလို တန်ဖိုးထားကြောင်းလည်း ပြောကြားလိုပါကြောင်း။

ဤဆွေးနွေးပွဲဖြစ်မြောက်ရန်အတွက် ဝိုင်းဝန်းကူညီပေးကြသည့် အဆွေတော်တို့နှင့်တကွ၊ သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fudan တက္ကသိုလ်မှ ပါမောက္ခ Mr.Zhang Wei နှင့် အိန္ဒိယနိုင်ငံ ကမ္ဘာ့ရေးရာ အိန္ဒိယကောင်စီမှ သုတေသန ပညာရှင် Mr. Sripathi Narayana တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက ကျေးဇူးတင်စကား ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပြန်းခြင်းပေးအပ်ခဲ့သည်။

အဆိုပါ နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာ သုံးသပ်သူများသည် ယနေ့ နံနက်ပိုင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက် ဖူးမြော်ကြပြီး ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။




"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fudan တက္ကသိုလ်မှ ပါမောက္ခ Mr.Zhang Wei နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

○ စာမျက်နှာ ၈ မှ

ဖြစ်ပေါ်လာစေရေး ကြိုးပမ်းနိုင်မည်ဖြစ်ပြီး ယင်းလမ်းကို ဗီယက်နမ်နိုင်ငံအထိ ဆွဲဆန့်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအနေဖြင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) ကို အိန္ဒိယနိုင်ငံအထိ တိုးချဲ့ ရန်ကြိုးပမ်းနိုင်ပါသည်။ သို့သော် အဆိုပါအချက်သည် ၂၀၂၄ ခုနှစ် အောက်တိုဘာလက ကျင်းပခဲ့သည့် Kazan BRICS ထိပ်သီးဆွေးနွေးပွဲ အပြီးတွင် နှစ်နိုင်ငံဆက်ဆံရေးပုံမှန်အခြေအနေ ရောက်လာသည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ အကြားတွင် လေးလေးနက်နက် ဆွေးနွေးပြောဆိုရန် လိုအပ်ပါလိမ့်မည်။

ရေကြောင်းလမ်းကို ကြည့်မည်ဆိုပါက မြန်မာ နိုင်ငံသည် စစ်တွေနှင့် ကျောက်ဖြူဆိုသည့် အဓိက ရေနက်ဆိပ်ကမ်းနှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ အဆိုပါ ရေနက်ဆိပ်ကမ်းများသည် ဘင်္ဂလားပင်လယ်အော် ရေလမ်းကြောင်း တစ်လျှောက် အချက်အချာကျသည့် နေရာတွင် ကုန်သွယ်သင်္ဘောလိုင်းများကိုဆွဲဆောင်နိုင်စွမ်းရှိပါသည်။ ထို့ပြင် ရုရှားနှင့် အိန္ဒိယနိုင်ငံအကြား ဗလာဒီဗော့စတော့နှင့် ချင်နိုင်းသင်္ဘောလိုင်းများ ခုတ်မောင်းခြင်းနှင့်အတူ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်း သင်္ဘောလိုင်းများ ကူးပြောင်းမှု ဗဟိုချက်အဖြစ် အဆိုပါဆိပ်ကမ်းများ၏ အရေးပါမှုကို မြှင့်တင်ပေးနိုင်သည်။

**ဗုဒ္ဓဘာသာအဝန်းအဝိုင်းတွင် အရေးပါအရာရောက်သည့် နေရာတစ်ခုဖြစ်လာနိုင်**

နောက်ဆုံးတစ်ချက်မှာ ၂၀၂၅ အလွန် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွား မြေပုံပေါ်တွင် ပုဂံအပါအဝင် ကမ္ဘာကျော်သမိုင်းဝင်နေရာများကို ထုတ်ဖော်ပြသခြင်းဖြင့် ပထဝီယဉ်ကျေးမှုဆိုင်ရာ အချက်အချာနေရာအဖြစ် ပေါ်ထွက်လာစေရေး ကြိုးပမ်းနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဗုဒ္ဓဘာသာအဝန်းအဝိုင်းတွင် အရေးပါအရာရောက်သည့်နေရာတစ်ခု ဖြစ်လာနိုင်သည်။

နိဂုံးချုပ်ရမည်ဆိုပါက ရုရှားတွေးခေါ်ပညာရှင် ပါမောက္ခ Dugin၊ တရုတ်နိုင်ငံ ဖူဒန်တက္ကသိုလ်မှ ပါမောက္ခ Zhang Wei ၊ အိန္ဒိယနိုင်ငံ Vivekanand International Foundation (VIF) မှ အကြီးတန်းသုတေသီ Vinod Anand ၊ နီပေါဝန်ကြီးချုပ်ဟောင်း H.E Mr. Madhav Nepal ၊ ထိုင်းဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Sihasak Phuangketkeow နှင့် အခြားထိပ်တန်းပညာရှင်များ၊ နိုင်ငံတကာဆက်ဆံရေး ပညာရှင်များသည် မြန်မာနိုင်ငံအနေဖြင့် ဗဟုဝင်ရိုးကမ္ဘာအထိုင်သစ်ထဲသို့ ဝင်ရောက်လာခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုအတွက် မမျှော်လင့်ထားသည့် အခွင့်အလမ်းများ၊ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုကို ရှေ့ဆောင်လမ်းပြနိုင်မည့် နောက်ထပ်သမိုင်းဝင် အခွင့်အရေးတစ်ရပ်ရှိနိုင်မည်လားဆိုသည်ကို ပထမဆုံးအကြိမ် လူသိရှင်ကြားဆွေးနွေးကြမည်ဖြစ်သည်။ ။

**(Atul Aneja ၏ International conference on Myanmar Beyond 2025 set for a grand opening in Nay Pyi Taw ဆောင်းပါးအား ဆီလျော်အောင် ဘာသာပြန်ဆိုခြင်း ဖြစ်ပါသည်။)**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဒေသဆိုင်ရာအညွှန်းနှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် မတ် ၂၀**

ဒေသဆိုင်ရာအညွှန်း(Geographical Indications-GIs) နှင့် စပ်လျဉ်းသည့် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ - ၂ ၌ ကျင်းပသည်။

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသည့် ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသဆိုင်ရာအညွှန်း အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိနားလည်နိုင်စေရန်နှင့် မှတ်ပုံတင်လက်ခံဆောင်ရွက်သည့် အချိန်တွင် လွယ်ကူချောမွေ့စွာ လျှောက်ထားနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များနှင့် စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ မူပိုင်ခွင့် အမျိုးအစားများအနက် တစ်ခုဖြစ်သည့် ဒေသဆိုင်ရာအညွှန်း(Geographical Indications-GIs) အကာအကွယ်ပေးခြင်းသည်လည်း နိုင်ငံတွင်းရှိ ဒေသထွက်ကုန်များ၏ အရည်အသွေးများ မြှင့်တင်နိုင်စေရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန် အထောက်အကူ ဖြစ်စေမည့် စီးပွားရေးကိရိယာတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသဆိုင်ရာအညွှန်း (Geographical Indications-GIs)မှတ်ပုံတင်နိုင်ရေး ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်သွားရန် ပြောကြားသည်။



ယင်းနောက် ဒေသဆိုင်ရာအညွှန်း(GIs) ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ဒေသဆိုင်ရာအညွှန်း နည်းဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဒေသဆိုင်ရာအညွှန်း (GIs) နှင့် စပ်လျဉ်း၍ သိလိုသည်များ မေးမြန်းခြင်းများအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်များ၊ နေပြည်တော် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် 230 KV ပျဉ်းမနား- နေပြည်တော်(၁) မဟာဓာတ်အားလိုင်း လိုင်းအူကြောင်းနေရာ ပြောင်းရွှေ့ခြင်းနှင့် တာဝါတိုင်အသစ်စိုက်ထူခြင်း၊ တာဝါတိုင်အဟောင်း ပြောင်းရွှေ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် 230 KV ပျဉ်းမနား-နေပြည်တော်(၁) မဟာဓာတ်အားလိုင်း လိုင်းအူကြောင်းနေရာ ပြောင်းရွှေ့ခြင်းနှင့် တာဝါတိုင်အသစ်စိုက်ထူခြင်း (Diversion)လုပ်ငန်း၊ တာဝါတိုင်အဟောင်း ပြောင်းရွှေ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ကြည့်ရှုစစ်ဆေးစဉ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း(ပြည်ထောင်စုနယ်မြေ)မှ အင်ဂျင်နီယာချုပ် ဦးမိုးသက်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ

ကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုတစိုက်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်

ထို့နောက် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် နေပြည်တော်ကောင်စီမိသားစုက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ သွားရောက်ပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မွန်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး၌ ဝန်ထမ်းများ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

## ရည်မှန်းချက်ထားဆောင်ရွက်

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မွန်ပြည်နယ်အတွင်းရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ယင်းနှင့်ဆက်စပ်သည့် MSME လုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးမှာ ပုဂ္ဂလိက ကဏ္ဍက အဓိကထား အကောင်အထည်ဖော်ကြရသည့်အတွက် ဝန်ထမ်းများအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လုပ်ငန်းရပ်များအလိုက် Standard Operating Procedure(SOP)များ ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ ပြည်နယ်နှင့် သက်ဆိုင်မှုရှိသည့် ခရီးသွားလုပ်ငန်းများ စနစ်တကျပါဝင်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပစေရေးနှင့် မိမိတို့ဒေသအတွင်းသို့ ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရန် မွန်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဝိုင်းဝန်းပူးပေါင်း၍ ရည်မှန်းချက်ထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် မိမိတို့လုပ်ငန်းနှင့် ဆက်စပ်သည့် ဗဟုသုတများပါ တိုးတက်ရရှိစေရန် ကြိုးစားလေ့လာကြပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာနအကျိုး၊ ပြည်သူလူထုအကျိုးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မွန်ပြည်နယ်ရုံးအဆောက်အအုံသစ်ဆောက်လုပ်နေမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသော အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီရေး အလေးထားဆောင်ရွက်ကြရန်၊ ပစ္စည်းများ အလေအလွင့်မရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦးနှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ ဦးရှိ

နေပြည်တော် မတ် ၂၀

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦးနှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဓာတုဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ၁၂ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၁ ခု စာစစ်ဌာန စုစုပေါင်း ၈၁၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၉၅၆၀၃ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦး၊ ပျက်ကွက် ၉၉၃၉ ဦးရှိသဖြင့် ဖြေဆိုသူ ရာခိုင်နှုန်းသည် ၉၄ ဒသမ ၉၂ ရာခိုင်နှုန်း၊ ပထဝီဝင်ဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာနတစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၆၇၃ ခု စာစစ်ဌာန စုစုပေါင်း ၆၇၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၅၂၄၀ ရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ ဦး၊ ပျက်ကွက် ၂၃၉၄ ဦးရှိသဖြင့် ဖြေဆိုသူရာခိုင်နှုန်းသည် ၉၀ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - ဓာတုဗေဒ

နေ့စွဲ - ၂၀-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၂၂၃ | ၅၀၆၆ | ၈၂၈၉ | ၂၇၅၁ | ၄၄၄၄ | ၇၁၉၅ | ၄၇၂ | ၆၂၂ | ၁၀၉၄ | ၈၆.၈၀% | ၁၃.၂၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၂၅ | ၇၀ | ၉၅ | ၂၃ | ၆၇ | ၉၀ | ၂ | ၃ | ၅ | ၉၄.၇၄% | ၅.၂၆% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၀၉၈ | ၂၂၁၉ | ၃၃၁၇ | ၁၀၀၄ | ၂၁၃၃ | ၃၁၃၇ | ၉၄ | ၈၆ | ၁၈၀ | ၉၄.၅၇% | ၅.၄၃% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၁၅၄ | ၂၅၁ | ၄၀၅ | ၁၂၀ | ၂၀၁ | ၃၂၂ | ၃၃ | ၅၀ | ၈၃ | ၇၉.၅၁% | ၂၀.၄၉% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၅ | ၃၁၈၃ | ၄၆၀၁ | ၇၇၈၄ | ၂၉၇၆ | ၄၄၈၄ | ၇၄၆၀ | ၂၀၇ | ၁၁၇ | ၃၂၄ | ၉၅.၈၄% | ၄.၁၆% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၆၃၁ | ၂၉၂၀ | ၄၅၅၁ | ၁၅၃၅ | ၂၈၁၇ | ၄၃၅၂ | ၉၆ | ၁၀၃ | ၁၉၉ | ၉၅.၆၃% | ၄.၃၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၄၉၇၂ | ၇၄၂၆ | ၁၂၃၉၈ | ၄၆၅၃ | ၇၁၈၇ | ၁၁၈၄၀ | ၃၁၉ | ၂၃၉ | ၅၅၈ | ၉၅.၅၀% | ၄.၅၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၀၁၆ | ၅၂၈၅ | ၉၃၀၁ | ၃၇၇၀ | ၅၁၁၉ | ၈၈၈၉ | ၂၄၆ | ၁၆၆ | ၄၁၂ | ၉၅.၅၇% | ၄.၄၃% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၁၈၉ | ၁၀၀၂၉ | ၁၇၂၁၈ | ၆၇၇၄ | ၉၇၆၈ | ၁၆၅၄၂ | ၄၁၅ | ၂၆၁ | ၆၇၆ | ၉၆.၀၇% | ၃.၉၃% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၄၈၇၁ | ၁၉၄၂၃ | ၃၄၂၉၄ | ၁၄၁၃၈ | ၁၉၀၁၉ | ၃၃၁၅၇ | ၇၃၃ | ၄၀၄ | ၁၁၃၇ | ၉၆.၆၈% | ၃.၃၂% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၀၀၉ | ၅၈၆၈ | ၈၈၇၇ | ၂၈၇၀ | ၅၆၇၃ | ၈၅၄၃ | ၁၃၉ | ၁၉၅ | ၃၃၄ | ၉၆.၂၄% | ၃.၇၆% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၇ | ၁၁၈၁ | ၁၅၂၂ | ၂၇၀၃ | ၆၂၆ | ၆၈၆ | ၁၃၁၂ | ၅၅၅ | ၈၃၆ | ၁၃၉၁ | ၄၈.၅၄% | ၅၁.၄၆% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၀ | ၁၇၀၁၄ | ၂၀၇၇၂ | ၃၇၇၈၆ | ၁၅၉၇၆ | ၂၀၀၀၇ | ၃၅၉၈၃ | ၁၀၃၈ | ၇၆၅ | ၁၈၀၃ | ၉၅.၂၃% | ၄.၇၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၅၃၄ | ၇၅၇၃ | ၁၂၁၀၇ | ၄၃၅၀ | ၇၄၀၈ | ၁၁၇၅၈ | ၁၈၄ | ၁၆၅ | ၃၄၉ | ၉၇.၁၂% | ၂.၈၈% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၆၆ | ၄၀၉ | ၆၇၅ | ၂၄၈ | ၃၉၈ | ၆၄၆ | ၁၈ | ၁၁ | ၂၉ | ၉၅.၇၀% | ၄.၃၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၃၅ | ၁၀၁၉ | ၁၆၅၄ | ၆၁၅ | ၁၀၀၀ | ၁၆၁၅ | ၂၀ | ၁၉ | ၃၉ | ၉၇.၆၄% | ၂.၃၆% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၄ | ၉၃၂၈ | ၁၃၈၆၄ | ၂၃၁၉၂ | ၈၇၅၅ | ၁၃၄၂၅ | ၂၂၁၈၀ | ၅၇၃ | ၄၃၉ | ၁၀၁၂ | ၉၅.၆၄% | ၄.၅၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၁၈၉ | ၆၇၄၉ | ၁၁၉၃၈ | ၄၉၇၇ | ၆၆၄၇ | ၁၁၆၂၄ | ၂၁၂ | ၁၀၂ | ၃၁၄ | ၉၇.၃၇% | ၂.၆၃% | |
| ၁၉ | နိုင်ငံခြား | | | ၁၂ | ၁၁ | ၈ | ၁၉ | ၁၁ | ၈ | ၁၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၃ | ၈၁၅၂၉ | ၁၁၄၀၇၄ | ၁၉၅၆၀၃ | ၇၆၁၇၃ | ၁၀၉၄၉၁ | ၁၈၅၆၆၄ | ၅၃၅၆ | ၄၅၈၃ | ၉၉၃၉ | ၉၄.၉၂% | ၅.၀၈% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - ပထဝီဝင်

နေ့စွဲ - ၂၀-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၆၇၂ | ၁၀၁၂ | ၁၆၈၄ | ၅၈၅ | ၉၁၈ | ၁၅၀၃ | ၈၇ | ၉၄ | ၁၈၁ | ၈၉.၂၅% | ၁၀.၇၅% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉ | ၂၇ | ၄၆ | ၁၉ | ၂၃ | ၄၂ | ၀ | ၄ | ၄ | ၉၁.၃၀% | ၈.၇၀% | |
| ၃ | ကရင် | ၆ | ၆ | ၁၁ | ၇၈ | ၁၄၉ | ၂၂၇ | ၇၂ | ၁၃၈ | ၂၁၀ | ၆ | ၁၁ | ၁၇ | ၉၂.၅၁% | ၇.၄၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၅၄ | ၉၇ | ၁၅၁ | ၂၇ | ၅၉ | ၈၆ | ၂၇ | ၃၈ | ၆၅ | ၅၆.၉၅% | ၄၃.၀၅% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၄ | ၉၄၈ | ၁၅၇၃ | ၂၅၂၁ | ၈၆၇ | ၁၅၃၆ | ၂၄၀၃ | ၈၁ | ၃၇ | ၁၁၈ | ၉၅.၃၂% | ၄.၆၈% | |
| ၆ | တနင်္သာရီ | ၃ | ၆ | ၁၂ | ၉၇ | ၁၀၉ | ၂၀၆ | ၈၆ | ၁၀၃ | ၁၈၉ | ၁၁ | ၆ | ၁၇ | ၉၁.၇၅% | ၈.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၀ | ၂၂၃ | ၃၆၄ | ၅၈၇ | ၂၀၇ | ၃၃၈ | ၅၄၅ | ၁၆ | ၂၆ | ၄၂ | ၉၂.၈၄% | ၇.၁၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၃၂ | ၃၈၆ | ၄၈၅ | ၈၇၁ | ၃၃၁ | ၄၄၉ | ၇၈၀ | ၅၅ | ၃၆ | ၉၁ | ၈၉.၅၅% | ၁၀.၄၅% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၄ | ၆၇၂ | ၇၁၀ | ၁၃၈၂ | ၆၁၃ | ၆၈၀ | ၁၂၉၃ | ၅၉ | ၃၀ | ၈၉ | ၉၃.၅၆% | ၆.၄၄% | |
| ၁၀ | မန္တလေး | ၁၀ | ၂၃ | ၆၂ | ၆၀၂ | ၆၀၄ | ၁၂၀၆ | ၅၃၁ | ၅၆၂ | ၁၀၉၃ | ၇၁ | ၄၂ | ၁၁၃ | ၉၀.၆၃% | ၉.၃၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၈ | ၁၅၇ | ၃၁၆ | ၄၇၃ | ၁၃၄ | ၂၉၃ | ၄၂၇ | ၂၃ | ၂၃ | ၄၆ | ၉၀.၂၇% | ၉.၇၃% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၅ | ၂၃၆ | ၃၂၅ | ၅၆၁ | ၁၁၃ | ၁၃၆ | ၂၄၉ | ၁၂၃ | ၁၈၉ | ၃၁၂ | ၄၄.၃၉% | ၅၅.၆၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၄ | ၈၀ | ၇၈၄ | ၆၉၃ | ၁၄၇၇ | ၇၀၁ | ၆၃၀ | ၁၃၃၁ | ၈၃ | ၆၃ | ၁၄၆ | ၉၀.၁၂% | ၉.၈၈% | |
| ၁၄ | ရှမ်း(တောင်) | ၇ | ၁၃ | ၄၀ | ၃၀၈ | ၃၆၃ | ၆၇၁ | ၂၈၈ | ၃၅၀ | ၆၃၈ | ၂၀ | ၁၃ | ၃၃ | ၉၅.၀၈% | ၄.၉၂% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၂ | ၂ | ၇ | ၇ | ၁၄ | ၆ | ၆ | ၁၂ | ၁ | ၁ | ၂ | ၈၅.၇၁% | ၁၄.၂၉% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၇ | ၈ | ၄၃ | ၄၈ | ၉၁ | ၃၆ | ၄၄ | ၈၀ | ၇ | ၄ | ၁၁ | ၈၇.၉၁% | ၁၂.၀၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၃ | ၅၅၄၈ | ၆၅၃၅ | ၁၂၀၈၃ | ၄၉၀၀ | ၆၁၅၄ | ၁၁၀၅၄ | ၆၄၈ | ၃၈၁ | ၁၀၂၉ | ၉၁.၄၈% | ၈.၅၂% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၆ | ၅၄၁ | ၄၄၇ | ၉၈၈ | ၄၉၂ | ၄၁၈ | ၉၁၀ | ၄၉ | ၂၉ | ၇၈ | ၉၂.၁၁% | ၇.၈၉% | |
| ၁၉ | နိုင်ငံခြား | | | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၁ | ၂၃၄ | ၆၇၄ | ၁၁၃၇၅ | ၁၃၈၆၅ | ၂၅၂၄၀ | ၁၀၀၀၈ | ၁၂၈၃၈ | ၂၂၈၄၆ | ၁၃၆၇ | ၁၀၂၇ | ၂၃၉၄ | ၉၀.၅၂% | ၉.၄၈% | |

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများနှင့် နွေရာသီအခြေခံအားကစားသင်တန်းများ ကြည့်ရှုအားပေး

**မုံရွာ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(အလုံ) တို့ရှိ သတ်မှတ်ကျောင်းဆောင်များတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် တက္ကသိုလ် ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင် ဘာသာရပ်ဖြေဆိုနေမှုကို သွားရောက်ကြည့်ရှု အားပေးကြသည်။




**ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်များအလိုက် စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရန်အတွက် တာဝန်ရှိသူအားလုံးမှ အလေးထားဆောင်ရွက်သွားကြရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးလုပ်ငန်း များဆောင်ရွက်ထားရှိရေးတို့ကို တာဝန်ရှိသူများ အား မှာကြားကာ ကြီးကြပ်ရေးမှူးများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် များတွင် စာစစ်ဌာန ၃၅ ဌာနတွင် ဓာတုဗေဒ ဘာသာရပ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၄၆၀ နှင့် ပထဝီဝင်ဘာသာရပ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၄၀၃ ဦး စုစုပေါင်း ၉၈၆၃ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဖြေဆိုမှုရာခိုင်နှုန်း မှာ ၉၅ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစား ကွင်းအတွင်း ၂၀၂၅ ခုနှစ် နွေရာသီအခြေခံအားကစား သင်တန်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ အေရိုးဗစ် သင်တန်းများလေ့ကျင့်နေမှုများကို သွားရောက် ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် များနှင့်အတူ သင်တန်းသား သင်တန်းသူများနှင့် နည်းပြများအတွက် တူညီဝတ်စုံများ၊ လေ့ကျင့်ရေး အားကစားပစ္စည်းများကို ပေးအပ်ကြသည်။

အဆိုပါ နွေရာသီ အခြေခံအားကစားသင်တန်း တွင် ဘောလုံး၊ Fitness Dance/ အေရိုးဗစ်၊ ဖူဆယ်၊ ကရာတေး၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ကြက်တောင်၊ ဗိုဗီနမ် အားကစား ၁၃ မျိုး၌ သင်တန်းသား သင်တန်းသူ ၇၄၄ ဦး တက်ရောက်လျက်ရှိရာ သင်တန်းများကို မတ် ၁၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေး မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၂၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။



ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်း အတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် ဓာတုဗေဒဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန ၁၂ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၁ ခု စာစစ်ဌာနစုစုပေါင်း ၈၁၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၉၅၆၀၃ ဦးရှိပြီး ဓာတုဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုသူစုစုပေါင်း ၁၈၅၆၆၄ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၉၂ ရာခိုင်နှုန်းရှိကြောင်းနှင့် ပထဝီဝင်ဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၆၇၃ ခု စာစစ်ဌာနစုစုပေါင်း ၆၇၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၅၂၄၀ ရှိပြီး ပထဝီဝင်ဘာသာရပ်ကို လာရောက်ဖြေဆိုသူစုစုပေါင်း ၂၂၈၄၆ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်းတို့ကို ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုနှင့် ပတ်သက်၍ ကြီးကြပ်ရေးတာဝန် ထမ်းဆောင်နေသည့် ဆရာမတစ်ဦး၏စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်မက အထက (၆) စာစစ်ဌာနရဲ့ ကြီးကြပ်ရေးမှူးဖြစ်ပါတယ်။ ကျောင်းသားဦးရေ စာဖြေသူစုစုပေါင်း ၃၇၄ ဦး ရှိပါတယ်။ ပျက်ကွက်က ဒီနေ့အထိဆိုရင်တော့ ၁၉ ဦးရှိပါတယ်။ အားလုံးပေါင်း ၃၅၆ ဦးဖြေဆိုပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၉၂ ပါ။ ကျောင်းသားတွေ အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနေတာကို တွေ့ရှိရပါတယ်။ ထွက်လာတယ်ဆိုလို့ရှိရင်လည်း အင်္ဂလိပ်စာနေ့ကလည်း တော်တော် ဖြေနိုင်တဲ့ ပုံပါပဲ။ မြန်မာစာနေ့ကလည်း ဖြေနိုင်ပါတယ်။ သင်္ချာနေ့ကလည်း ပျော်ပျော်ရွှင်ရွှင် ထွက်လာတာ တွေ့ရပါတယ်။ ကွာခြားချက်ကတော့ အရင်တုန်းကတော့ GRADE-10 ဆိုတဲ့အတွက် ကျောင်းသားရဲ့ အသက်အရွယ်ဟာ ၁၅ နှစ်၊ ၁၆ နှစ်ပဲရှိပါတယ်။ အခုအခါ GRADE-12 လို့ ဖြစ် သွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ဟာ စာပေတွေကလည်း အဆင့်မြှင့်လိုက်တယ်။ နိုင်ငံတကာအဆင့်ပေါ့။ ပြီးလို့ရှိရင် အခြေခံပညာပြီးမြောက်ကြောင်း CC လည်း ပေးပါတယ်။ CC ပေးတဲ့ စာမေးပွဲပြီးလို့ရှိရင် အခုဒီဟာ တက္ကသိုလ်ဝင်စာမေးပွဲပါ။ အဲဒီတော့ CC ပြီးလို့ရှိရင် သူက ဘာတွေကွာခြားလဲဆိုတဲ့ အခါကျတော့ အသက်မွေးဝမ်းကျောင်းတွေကို သွားလို့ရတယ်။ ဒီတက္ကသိုလ်ဝင်တန်းအောင်လို့ ရှိရင်လည်း ထပ်ပြီးတော့ တက္ကသိုလ်တွေ တက်လို့ရတယ်။ အဲဒီလိုကွာခြားပါတယ်။ စာကြိုးစားတဲ့ ကျောင်းသားတွေ အကုန်လုံးကတော့ ဖြေနိုင်တာတွေ့ရပါတယ်။ ပြောင်းလဲထားတဲ့ပညာရေးစနစ်က အလွန်ကောင်းပါတယ်။ စာမေးပွဲဖြေဆိုနေတာလည်း အေးအေးချမ်းချမ်းပဲ ဖြေဆိုနေတာကို တွေ့ရပါတယ်။ ကျောင်းသားတွေကို ကျွန်မတို့က ပြောချင်တာကတော့ ပညာကို ဆတက်ထမ်းပိုး ကြိုးစားပြီးတော့ ပညာတတ်အောင်လုပ်ဖို့၊ ပြီးရင် နိုင်ငံတော်အတွက် အကျိုးရှိတဲ့ သားကောင်း သမီးမွန်တွေဖြစ်အောင် ကြိုးစားဖို့ ဒါလေးမှာချင်ပါတယ်။"

**သတင်းစဉ်**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကို လိုက်နာရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။

( ခ ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။

( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# ဥရောပသမဂ္ဂက ၎င်း၏ကာကွယ်ရေးအဆင့်မြှင့်တင်ရန် စစ်ရေးအသုံးစရိတ်ကို တိုးမြှင့်သွားမည်

**ဘရပ်ဆဲလ် မတ် ၂၀**

ဥရောပသမဂ္ဂသည် ၎င်း၏ကာကွယ်ရေး အဆင့်မြှင့်တင်ရန် စစ်ရေးအသုံးစရိတ်ကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ယမန်နေ့တွင် ထုတ်ဖော်ပြောကြားသည်။

ဥရောပ ကော်မရှင်သည် ၎င်း၏ ပထမဆုံးသော ကာကွယ်ရေးဆိုင်ရာ အစီရင်ခံစာကို မတ် ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဥရောပနိုင်ငံများ၏ ကာကွယ်ရေးစွမ်းရည်ကို ၂၀၃၀ ပြည့်နှစ်တွင် ပိုမိုအားကောင်းလာစေရန်နှင့် ပိုမိုခိုင်မာသော စစ်ဘက်-စက်မှုဆိုင်ရာ အခြေစိုက်စခန်းတစ်ခုကို တည်ထောင်ရန် ရည်ရွယ်သည့် မူဝါဒများကို အဆိုပါ အစီရင်ခံစာတွင် အကျဉ်းချုပ်ဖော်ပြထားကြောင်း သိရသည်။

ဥရောပသမဂ္ဂ၏ ကာကွယ်ရေးရင်းနှီးမြှုပ်နှံမှုသည် ဆယ်စုနှစ်များစွာကြာအောင် လုံလောက်မှုမရှိကြောင်းနှင့် ၎င်း၏ကိုယ်ပိုင်ကာကွယ်ရေးအတွက် အမေရိကန်နိုင်ငံအပေါ် အားကိုးအားထားပြုနေရကြောင်းလည်း မှတ်ချက်ပြု ဖော်ပြထားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဦးစားပေး ဆောင်ရွက်ရမည့် ကဏ္ဍခုနစ်ခုတွင် ခရုဇ်ဒုံးကျည်များ၊ ပဲ့ထိန်းဒုံးကျည်များ၊ အသံထက်မြန်သော ဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ်များကဲ့သို့သော ခြိမ်းခြောက်မှုများကို ကာကွယ်ရန်အတွက် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးတို့ ပါဝင်ကြောင်း သိရသည်။

ဥရောပသမဂ္ဂသည် အင်ဒို-ပစိဖိတ်ဒေသရှိ မိတ်ဖက်များ အထူးသဖြင့် ဂျပန်နိုင်ငံနှင့် ကာကွယ်ရေးစက်မှု ပူးပေါင်းဆောင်ရွက်မှုကို ကြိုးပမ်းလုပ်ဆောင်သင့်ကြောင်းလည်း အဆိုပါ အစီရင်ခံစာတွင် အကြံပြုထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**




# ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်၌ ဂျာမနီသံရုံး ပြန်လည်ဖွင့်လှစ်



**ဒမတ်စကတ် မတ် ၂၀**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်၌ ဂျာမနီသံရုံးကို ပြန်လည်ဖွင့်လှစ်ကြောင်း ဆီးရီးယားမီဒီယာများက ယနေ့ သတင်းဖော်ပြသည်။

**တက်ရောက်**

ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး အန်နာလီနာ ဘီရာဘော့ခ်က ဂျာမနီသံရုံး ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတဟောင်း အာဆက်အစိုးရ ပြုတ်ကျပြီးနောက်ပိုင်း ဝန်ကြီးဘီရာဘော့ခ်၏ ဒုတိယမြောက် ဆီးရီးယားခရီးစဉ်တွင် ဂျာမနီနှင့် ဆီးရီးယားနှစ်နိုင်ငံ သံခင်းတမန်ခင်းလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ၌ ဂျာမနီသံရုံးကို ၁၃ နှစ်ကြာ ပိတ်ပင်ထားခဲ့ပြီးမှ ယခုပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုပြန်လည်ဖွင့်လှစ်သည့် ဂျာမနီသံရုံး၌ သံတမန်ဝန်ထမ်း ၁၀ ဦးအောက် သာထားရှိမည်ဖြစ်သည်။

ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး အန်နာလီနာ ဘီရာဘော့ခ်က ဆီးရီးယား ခေါင်းဆောင် အာမက်အယ်လ်ရှာရာ၊ နိုင်ငံခြားရေးရာအကြီးအကဲ အာဆက် အယ်ရှီရာဘာနီနှင့် ဆီးရီးယားအရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နာလီနာ ဘီရာဘော့ခ်က လက်နက်ကိုင်ပဋိပက္ခဒဏ်ကို ဆိုးရွားစွာခံရသည့် မြို့တော် ဒမတ်စကတ်ရှိ ဂျိုဘားရပ်ကွက်ကို သွားရောက်ကြည့်ရှုခဲ့သည်။

ဆီးရီးယားနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများ စတင်သည့် ၂၀၁၂ ခုနှစ်တွင် ဒမတ်စကတ်ရှိ ဂျာမနီသံရုံးကို စတင်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

အီတလီနှင့် စပိန်ကဲ့သို့သော အခြားဥရောပနိုင်ငံ အများအပြားသည် ဆီးရီးယားမြို့တော် ဒမတ်စကတ်၌ ၎င်းတို့၏သံရုံးများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ယီမင်နိုင်ငံ၌ အမေရိကန်က လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်

**ဆာနာ မတ် ၂၀**

ယီမင်နိုင်ငံမြို့တော်ဆာနာ၌ မတ် ၁၉ ရက်တွင် အမေရိကန်တပ်မတော်က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကိုးဦး သေဆုံးကြောင်း ဟူသီအဖွဲ့၏ ရုပ်မြင်သံကြား ဌာန အယ်လ်မာဆီယာက ပြောကြားသည်။

ယင်းလေကြောင်းတိုက်ခိုက်မှုကြောင့် မြို့တော်ဆာနာ ဂီယတ်ဒေသရှိ အဆောက်အအုံများ ပျက်စီးခဲ့ပြီး ဒေသခံများဒဏ်ရာရခဲ့သည်။

ယခုတိုက်ခိုက်မှုသည်ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်တိုက်ခိုက်မှုအတွင်း ကလေးများနှင့် အမျိုးသမီးများအပါအဝင် ၅၃ ဦးသေဆုံးခဲ့သည်။ ယခုတိုက်ခိုက်မှုအတွင်း ဟူသီထိန်းချုပ်ဒေသများဖြစ်သည့် ဆဒါ၊ အယ်ဗေဒါ၊ ဟိုဒီလက်နှင့် အယ်လ်ဂျပ်ဒေသများလည်း တိုက်ခိုက်ခံခဲ့ရသည်။ ဟူသီအဖွဲ့ကလည်း အမေရိကန်စစ်သင်္ဘော ဟယ်ရီ ထရူးမင်းကို မတ် ၁၉ ရက်တွင် ထပ်မံတိုက်ခိုက်ခဲ့ကြောင်း ပြောကြားသည်။

မိမိတို့သည် အစ္စရေးနှင့် ပတ်သက်သည့် သင်္ဘောများကို တိုက်ခိုက်နေကြောင်းနှင့် ယခုကဲ့သို့ တိုက်ခိုက်ရခြင်းမှာ ဂါဇာဒေသတွင် အစ္စရေး၏တိုက်ခိုက်မှုများ ရပ်တန့်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများဝင်ရောက်ခွင့်ပေးရေးတို့အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဟူသီအဖွဲ့ကပြောကြားသည်။

အမေရိကန်တပ်မတော်က မိမိတို့သည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေးလမ်းကို ကာကွယ်ရန်အတွက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့များက တိုက်ခိုက်မှုများဆောင်ရွက်

**ဂျေရုဆလင် မတ် ၂၀**

ဟားမတ်စ်အဖွဲ့က ဓားစာခံများကို လွှတ်ပေးရန် ငြင်းဆန်နေသည့်အတွက် ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့များက တိုက်ခိုက်မှုများ အများအပြားဆောင်ရွက်နေကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ဟားမတ်စ်အဖွဲ့အနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများမှ တစ်ဆင့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဟားမတ်စ်အဖွဲ့တာဝန်ရှိသူကပြောကြားသည်။

ဂါဇာဒေသအား အစ္စရေးတပ်ဖွဲ့၏ကျူးကျော်တိုက်ခိုက်မှုကို အဆုံးသတ်ရန်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ရန် တောင်းဆိုကြောင်း ၎င်းက ပြောကြားသည်။

ဂါဇာဒေသတွင် ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခတွင် ဒေသခံ ၄၃၆ ဦးထပ်မံသေဆုံးကြောင်း သိရသည်။ အစ္စရေးတပ်ဖွဲ့က ဂါဇာအလယ်ပိုင်းရှိ ကုလသမဂ္ဂအဆောက်အအုံကို တိုက်ခိုက်ခဲ့ရာ ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် -စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ယာဉ်မတော်တဆမှုများကြောင့် နှစ်စဉ် လူ ၁၁၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိ



**မနီလာ မတ် ၂၀**

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း၌ ယာဉ်မတော်တဆမှုများကြောင့် နှစ်စဉ် လူ ၁၁၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး တီရိုဒိုရိုဟာဘိုဆာက ယမန်နေ့တွင် ပြောကြားသည်။

**ပြောကြား**

သေဆုံးသူအများစုသည် အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြားလူငယ်များဖြစ်ကြောင်း ဝန်ကြီး ဟာဘိုဆာက ၂၀၂၅ ဖိလစ်ပိုင် လမ်းအန္တရာယ်ကင်းရှင်းရေးထိပ်သီးအစည်းအဝေး၌ ပြောကြားသည်။

ယာဉ်တိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း တစ်နှစ်လျှင် ၂၅ ရာခိုင်နှုန်း တိုးလာကြောင်း ဝန်ကြီးဟာဘိုဆာက ပြောကြားသည်။

သေဆုံးသူအများစု၏ ၇၀ ရာခိုင်နှုန်းသည် စက်ဘီးနှင့် ဆိုင်ကယ်များကြောင့် ဖြစ်ကြောင်းနှင့် စက်ဘီးနှင့်ဆိုင်ကယ်များမောင်းနှင်ပါက ဦးထုပ်ဆောင်းရန် လိုအပ်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။

ထို့ပြင် သယ်ယူပို့ဆောင်ရေးစနစ်များ ကောင်းမွန်ရေး၊ ပိုမိုအကာအကွယ်ပေးထားသော စက်ဘီးလမ်းကြောများအပါအဝင် လူသွားလူလာအဆင်ပြေသည့် အခြေခံအဆောက်အအုံများနှင့် ဦးထုပ်များအသုံးပြုမှု တို့ကို တင်းကျပ်စွာပြဋ္ဌာန်းရန် ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့် လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မတ် ၂၀**

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦးကို မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော် နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ပ နိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စာရင်းဇယား အချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့်အမြန်ဆုံး စနစ်တကျ ပြန်လည်လွှဲပြောင်းနိုင်ရေး ကိစ္စရပ်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကျင်းပခဲ့ရာ၌ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မယ်ထော်သလေး နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၃၃ ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား ၁၂၀ စုစုပေါင်း ၂၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၆၁၆ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၉၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၆၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေစကြိုမြို့နယ် ငတရော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပြီး ပြည်သူများအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူများ ထွက်ပြေးနေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**ရန်ကုန် မတ် ၂၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငတရော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၉ ရက်တွင် ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပြီး ပြည်သူများအား လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူများထွက်ပြေးနေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရေစကြိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါရက်နေ့တွင် ငတရော်ကျေးရွာအား အနီးဝန်းကျင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများ ကသာ အဆိုပါ နယ်မြေအတွင်းရှိ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုကဲ့သို့အကြမ်းဖက်သမားများ၏ လူမဆန်သည့် အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သနပ္ပင်မြို့နယ်၌ နွေစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**သနပ္ပင် မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေရယူ၍ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုးနှင့်သွင်းအားစုအား မြို့နယ်သမဝါယမအသင်းစုမှတစ်ဆင့် ပံ့ပိုးဆောင်ရွက်ခဲ့ပြီး ကမာဖရံကျေးရွာ ဒိုင်းမွန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်မှ အသင်းသားများ၏ လယ်ယာမြေများတွင် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၃-၂၀၂၅ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၁၅ ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင်မြန်မာနိုင်ငံ ကြုံတွေ့လာနိုင်မည့်စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၀:၃၀ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုတေး
- ၁၀:၄၀ လူမှုစီးပွားသတင်းများ
- ၁၂:၄၀ မြန်မာဇာတ်လမ်းတွဲ 'ပန်းမျိုးသည့်လက်' (အပိုင်း-၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၂၇)
- ၁၅:၁၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၅၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
- ၁၇:၁၀ ရေအရင်းအမြစ်များတည်မြဲဖို့ရေခဲမြစ်များထိန်းသိမ်းစို့
- ၁၇:၂၅ Weekly Sports Info
- ၁၈:၃၀ ၂၀၂၅ ခုနှစ်၊ ရှုမြော်မှုအသစ်နှင့်မြန်မာနိုင်ငံ
- ၁၉:၀၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'သစ္စာမျိုးဆက်' (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြုအစီအစဉ် 'ပြည်ချစ်သားမွန်တေးသဝဏ်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၃)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'ပန်းမျိုးသည့်လက်' (အပိုင်း-၁၁)

### mitv

- 07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- 07:10 Let's go to Hlawga Nature Park
- 07:31 Traditional Myanmar Theatrical Performance
- 07:44 Ecotourism: Along River Chindwin To Khamti
- 08:01 News
- 08:26 ASEAN Women Entrepreneurship: Indonesia
- 08:37 Yay Pyan Taung Waterfall
- 09:01 Ananda Temple
- 09:40 Healthy Diet: Detox Water
- 09:49 Langcang-Mekong Cooperation (Successful Green Projects) (1)
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ရခိုင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၀)
- ၀၈:၀၀ ဓတီရိယိုတေးများ
- ၀၈:၂၀ ရုပ်စုံသဘင် 'ပညာရှင်အိုး' ရာဇဝင်ဇာတ်တော်ကြီး
- ၀၉:၅၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'အိုင်အဝစ်လိုအချစ်အကြောင်း'
- ၂၁:၀၀ 'ပြည်ချစ်သားမွန်တေးသဝဏ်' (ပွဲစဉ်-၃) တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### MRTV NRC

- **ကချင် (၀၆:၀၀ မှ ၀၈:၀၀)** စားချင်စဖွယ်ကချင်ဆာဖြယ်
- **ကယား (၀၈:၀၀ မှ ၁၀:၀၀)** မြင်တွေ့စေချင်ကယားတို့ဌာနေ (ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ)
- **ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** မိရိုးဖလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း
- **အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** စိတ်ဝင်စားဖွယ်ရာများရှိရာ မြွေကျွန်းသို့
- **အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ပန်းလိုမွှေး၍စွမ်းသည့်ဆေး
- **ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ
- **ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ကျူလောင်းကျေးရွာလုံယူးပွဲ
- **မွန် (၁၅:၀၀ မှ ၁၇:၀၀)** မွန်ရိုးရာကြက်သားမရမ်းပြားချက်
- **ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** သဲပုံစေတီပွဲတော်(သျှစ်သောင်းမြောက်ပွဲ)
- **ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း -၁၁)
- **ဝ (၂၁:၀၀ မှ ၂၃:၀၀)** 'ဝ' ဘာသာစကားပြောကြရအောင် (အသီးအနှံဆိုင်ရာအခေါ်အဝေါ်များ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၁၅ ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင်မြန်မာနိုင်ငံ ကြုံတွေ့လာနိုင်မည့်စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၄၅ SPORTS MAX
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို 'အငွေ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၁)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့တစ်နှစ်သုံးသီးစိုက်ကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ AGRICULTURE IN INDIA
- ၁၉:၁၅ Rose Tour
- ၂၀:၃၀ ကျားလန်မပိုး၊ တာတေတိုး(ဇာတ်လမ်း)
- ၂၂:၀၀ Hidden Figures 2016 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ Basketball Grandslan Junior League (Ep-21)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများ လစဉ်ကျင်းပတော့မည်

ဝဏ္ဏ(ရိုးရာလက်ဝှေ့)

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ဝှေ့ပွဲများစီစဉ်သည့် MMAG တို့ ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် မတ်လမှစ၍ လစဉ်မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများ ကျင်းပတော့မည်ဟု သိရသည်။

ထိုပွဲများအတွက် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပေးထားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စကိုင်းနက်ရှပ်သံ၊ မွန်မင်းလမ်းကုမ္ပဏီလီမိတက်နှင့် အောင်ပြီဟော့ဖယောင်းတိုင်လုပ်ငန်းတို့က ပူးတွဲပံ့ပိုးပေးထားသည်။

### ရွှေခါးပတ်ရှင် လက်ဝှေ့ကျော်များကို မွေးထုတ်နိုင်ခဲ့

မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲများကို ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက် အိုလံပစ်နေ့မှစ၍ Myanmar Fight ဟူသော အမည်ဖြင့် ရန်ကုန်၊ ပုဂံ၊ မြောင်းမြမြို့များတွင် ပွဲစဉ်(၁)မှ (၁၉)အထိ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ဝှေ့ပွဲများစီစဉ်သည့် MMAG တို့ ပူးပေါင်းစီစဉ်ခဲ့ပြီးဖြစ်သည်။ ထိုစဉ်က လက်ဝှေ့သမားများ မျိုးဆက်ပြတ်တောက်မည့် အရေးကိုမြင်ခဲ့သော တာဝန်ရှိသူများက မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲများကို စီစဉ်ပေးခဲ့သည့်အတွက် ယခု မြန်မာ့လက်ဝှေ့လောကတွင် နာမည်ကျော်ကြားနေသော ကျော်စွာဝင်း၊ ထွန်းလွင်မိုး၊ ကောင်းကောင်း၊ ကိုကို၊ စွမ်းထက်နိုင်၊ ကျန်ကျောင်း၊ သွေးသစ်မောင်နှင့် အမျိုးသမီးလက်ဝှေ့ကျော် ဘရောနီကာ အစရှိသည့် ရွှေခါးပတ်ရှင် လက်ဝှေ့ကျော်များကို မွေးထုတ်နိုင်ခဲ့သည်။

ထိုသို့ မျိုးဆက်သစ်ပွဲများ အရှိန်အဟုန်ကောင်းနေစဉ် ပွဲစီစဉ်သူတစ်ဦးက သူသာစီစဉ်ခွင့်ရလျှင် မျိုးဆက်သစ်ပွဲများကို ထိုးသတ်ကြေးများစွာ ပေးမည်ဟု တောင်းဆိုလာသဖြင့် ထိုစဉ်က ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သည် မျိုးဆက်သစ်ပွဲများ ကျင်းပပေးနေသည့် MMAG နှင့် လက်တွဲဖြုတ်ကာ အဆိုပါ ပွဲစီစဉ်သူကို မျိုးဆက်သစ်ပွဲ ကျင်းပခွင့်ပြုခဲ့သည်။ သို့သော်လည်း ပွဲစဉ်သုံးပွဲအပြီးတွင် ဆက်မလုပ်လိုတော့ဟုဆိုကာ ရပ်တန့်သွားခဲ့သည်။

ယခုလည်း မြန်မာလက်ဝှေ့ကျော်များသည် ထိုးသတ်ကြေးပိုမိုရရှိသော ပြည်ပကိုယ်ခံပညာပြိုင်ပွဲများသို့ ကူးပြောင်းယှဉ်ပြိုင်လျက်ရှိရာ ပြည်တွင်းတွင် ရိုးရာလက်ဝှေ့သမားများ မျိုးဆက်ပြတ်တောက်မည့် အခြေအနေနှင့် စတင်ရင်ဆိုင်နေရသည်။ ထို့အတွက် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် သွားရောက်တွေ့ဆုံ၍ မျိုးဆက်သစ်ပွဲများ ကျင်းပရန် မေတ္တာရပ်ခံ အကူအညီတောင်းခံခဲ့သည်။ ထိုတွေ့ဆုံမှုရလဒ်အဖြစ် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများကို လစဉ်မြင်တွေ့ရတော့မည်ဖြစ်ပြီး ရန်ကုန်မြို့သို့ လာရောက်မကြည့်ရှုနိုင်သော ရိုးရာလက်ဝှေ့ချစ်ပရိသတ်များအတွက် စကိုင်းနက်ရှပ်သံမှ တစ်နိုင်ငံလုံးသို့ ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၅ ခုနှစ်က မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲများကျင်းပရန် ပံ့ပိုးကူညီခဲ့ရုံမျှမက ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များ ဂျပန်နိုင်ငံသို့ ၁၅ ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့ရာတွင်လည်း အဓိကပံ့ပိုးကူညီပေးခဲ့သည်။ ထိုစဉ်က သွားရောက်ယှဉ်ပြိုင်သည့် ရိုးရာလက်ဝှေ့ကျော်များထဲတွင် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများမှ မွေးထုတ်လိုက်သော လက်ဝှေ့ကျော်များစွာ ပါဝင်ခဲ့သည်။ ထို့အပြင် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် တောင်ငူမြို့တွင် ကျင်းပသော လွတ်လပ်ရေးနေ့ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ရှစ်နှစ်ဆက်တိုက် ပံ့ပိုးကူညီခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့တိုးတက်ရေးအတွက် အဓိကပံ့ပိုးခဲ့သော ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။

### ရွှက်ပုန်းသီးလက်ဝှေ့ထူးချွန်သူများ များစွာရှိ

မျိုးဆက်သစ် လက်ဝှေ့သမားများတွင် ရွှက်ပုန်းသီး လက်ဝှေ့ထူးချွန်သူများ များစွာရှိနေပြီး ထိုမျိုးဆက်သစ်များကို မြေတောင်မြှောက်စင်တင် ပေးမည့် အခွင့်အရေးကို ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။ ရိုးရာလက်ဝှေ့၏ မိခင်မြေဖြစ်သော သိမ်ဖြူရိုးရာလက်ဝှေ့ခန်းမ၌ မျိုးဆက်သစ် လက်ဝှေ့သမားများသည် မီးရောင်စုံအောက်တွင် ပြိုင်ပွဲကြီးတစ်ခုကို ယှဉ်ပြိုင်နေရသကဲ့သို့ စီစဉ်ပေးမည်ဖြစ်ရာ သူတို့အတွက် အတွေ့အကြုံကောင်းများ ရရှိစေမည်ဖြစ်သည်။

ထို့အပြင် လစဉ်ကျင်းပမည့် မျိုးဆက်သစ် လက်ဝှေ့ကျော်များထဲမှ ထူးချွန်သူများအား ရွေးချယ်ပြီး ထပ်မံ၍ ပွဲစီစဉ်ပေးခြင်းဖြင့် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝကို အချိန်တိုအတွင်း ရရှိစေနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ဝှေ့ပွဲစီစဉ်သူ MMAG Co., Ltd. တို့က မျိုးဆက်သစ်လက်ဝှေ့ပွဲများ စီစဉ်နေသလို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ၂၀၂၅ ခုနှစ်အတွင်း GYM ပေါင်းစုံရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့သည် နိုင်ငံတကာတွင် စိတ်ဝင်စားမှုများပြားလာပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ ဒေသဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသည့် ပြည်ပနိုင်ငံများစွာက ဆက်သွယ်လျက်ရှိသည်။ လက်ရှိတွင် ရုရှား၊ ဗြိတိန်၊ ဂျပန်၊ မော်ရိုကို၊ ဟန်ဂေရီ၊ တူကီယဲ၊ ထိုင်းနိုင်ငံနှင့် တရုတ်တိုင်ပေတို့တွင် မြန်မာ့ရိုးရာလက်ဝှေ့ဒေသဆိုင်ရာ ကိုယ်စားလှယ်များ ခန့်အပ်ပြီးဖြစ်သည်။ ထို့အပြင် ရိုးရာလက်ဝှေ့ဆိုသောအမည်ဖြင့် ဂျပန်နိုင်ငံတွင် ၁၅ ပွဲ၊ ထိုင်းနိုင်ငံတွင် နှစ်ပွဲ၊ တရုတ်တိုင်ပေတွင် တစ်ပွဲ ကျင်းပခဲ့ပြီးဖြစ်သည်။ ထိုပွဲများတွင် မြန်မာ့ရိုးရာလက်ဝှေ့သမား အမျိုးသား ၈၀ နှင့် အမျိုးသမီး ငါးဦးတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

> **❝ မျိုးဆက်သစ်လက်ဝှေ့သမားများတွင် ရွှက်ပုန်းသီး လက်ဝှေ့ထူးချွန်သူများ များစွာရှိနေပြီး ထိုမျိုးဆက်သစ်များကို မြေတောင်မြှောက်စင်တင်ပေးမည့်အခွင့်အရေးကို ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။ ရိုးရာလက်ဝှေ့၏ မိခင်မြေဖြစ်သော သိမ်ဖြူရိုးရာလက်ဝှေ့ခန်းမ၌ မျိုးဆက်သစ်လက်ဝှေ့သမားလေးများသည် မီးရောင်စုံအောက်တွင် ပြိုင်ပွဲကြီးတစ်ခုကို ယှဉ်ပြိုင်နေရသကဲ့သို့ စီစဉ်ပေးမည့်အတွက် သူတို့အတွက် အတွေ့အကြုံကောင်းများ ရရှိစေမည် ❞**



### မီးခဲပြာဖုံးမျိုးဆက်သစ်များအား မြေတောင်မြှောက်ပေး

လက်ရှိချန်ပီယံများသည် မျိုးဆက်သစ် မျက်နှာသစ် ကစားသမားဘဝမှ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ရင်း တန်းဝင်လက်ဝှေ့ကျော်များဘဝသို့ ရောက်ရှိလာရသည်ဖြစ်ရာ အဆိုပါ မီးခဲပြာဖုံး မျိုးဆက်သစ်များအား မြေတောင်မြှောက်ပေးရန်၊ စင်တင်ပေးရန်မှာ ရိုးရာလက်ဝှေ့ကလပ်များ၊ ပွဲစီစဉ်သူများနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တွင် တာဝန်ရှိသလို ပြိုင်ပွဲများကျင်းပရာတွင် ကုန်ကျစရိတ်များရှိသည့်အတွက် ပံ့ပိုးမည့် စီးပွားရေးလုပ်ငန်းများ၊ ဝါသနာရှင် စီးပွားရေးလုပ်ငန်းရှင်များ၏ ပံ့ပိုးမှုကလည်း မရှိမဖြစ် လိုအပ်သည့်အရာဖြစ်သည်။

ထိုလိုအပ်ချက် နှစ်ခုစလုံးကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ ပွဲစီစဉ်သည့် MMAG Co., Ltd.၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စကိုင်းနက်ရှပ်သံ၊ မွန်မင်းလမ်းကုမ္ပဏီလီမိတက်နှင့် အောင်ပြီဟော့ ဖယောင်းတိုင်လုပ်ငန်းတို့က ဖြည့်ဆည်းပြီးဖြစ်ရာ ကြိုးစားအားထုတ်ရမည်မှာ ရည်မှန်းချက်ကြီးမားသော မျိုးဆက်သစ် ရိုးရာလက်ဝှေ့သမားများနှင့် သူတို့ကို လေ့ကျင့်ပေးနေသည့် ရိုးရာလက်ဝှေ့နည်းပြများ၊ ကလပ်များ၏ တာဝန်သာကျန်ပေတော့သည်။

ပြည်တွင်း ပြည်ပတွင် ရိုးရာလက်ဝှေ့ပွဲများ ကျင်းပနေသော MMAG Co.,Ltd. ၏ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ ပြည်ပသုံးနိုင်ငံမှာ ရိုးရာလက်ဝှေ့သီးသန့်ပြိုင်ပွဲ ၁၈ ပွဲ ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲတွေကို နာမည်ကြီးလက်ဝှေ့ကျော်တွေသာမက မျိုးဆက်သစ်လက်ဝှေ့သမားလေးတွေပါ အချိုးကျခေါ်သွားပြီး ပြည်ပအတွေ့အကြုံရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု မျိုးဆက်သစ်ပြိုင်ပွဲကလည်း ၁၀ နှစ်အကြာမှာ ပြန်လည်ကျင်းပတဲ့ ပြိုင်ပွဲဖြစ်ပြီး ဒီပြိုင်ပွဲက တောက်ကြွားလာမယ့် မျိုးဆက်သစ် လက်ဝှေ့ကျော်တွေကို ပြည်ပနိုင်ငံတွေအထိ ခေါ်ယူပွဲပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌကလည်း "မြန်မာနိုင်ငံ တစ်နိုင်ငံလုံး ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားသလို ရိုးရာလက်ဝှေ့သမားတွေက တစ်နိုင်ငံလုံးမှာ ရှိပါတယ်။ ဒီကလေးတွေကို ပြိုင်ပွဲအတွေ့အကြုံရအောင် ဆောင်ရွက်ပေးဖို့က ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့ တာဝန်ပါ။ ပွဲကို နှစ်လုံးပေါက် ကျင်းပရမှာ ဖြစ်တဲ့အတွက် ကုန်ကျစရိတ်လည်း များပြားပါတယ်။ အခမဲ့ပြိုင်ပွဲဖြစ်ပေမယ့် ကစားသမားတွေအတွက် ခရီးစရိတ်၊ စားစရိတ်၊ ထိုးသတ်ကြေးတွေပေးရသလို ဒိုင်စရိတ်၊ ဆေးအဖွဲ့စရိတ်၊ ဆိုင်း၊ မီး၊ အသံ၊ မော်ဒယ်စရိတ်တွေလည်း ရှိပါတယ်။ အခု မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပေးပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စကိုင်းနက်ရှပ်သံ၊ မွန်မင်းလမ်းကုမ္ပဏီလီမိတက်၊ အောင်ပြီဟော့ ဖယောင်းတိုင်တို့က ဝိုင်းဝန်းပံ့ပိုးကူညီတဲ့အတွက် အခုလို ပြိုင်ပွဲဖြစ်မြောက်အောင် ဆောင်ရွက်နိုင်တာပါ" ဟု ပြောပြသည်။

မြန်မာဖိုက် (Myanmar Fight) အမည်ဖြင့် ကျင်းပမည့် ရိုးရာလက်ဝှေ့မျိုးဆက်သစ် ပြိုင်ပွဲကြီးသည် ယခု မတ်လမှစ၍ လစဉ်ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်အသင့်ဖြစ်နေစေရန် ယခုကပင် ပြင်းပြင်းထန်ထန် လေ့ကျင့်အားထုတ်သင့်ပါကြောင်း အသိပေး တင်ပြလိုက်ရပါသည်။ ။







## မန်းရွှေစက်တော်ဘုရားပွဲတော်တွင် အငြိမ့်တေးဂီတများဖြင့် ဒုတိယည ဖျော်ဖြေတင်ဆက်မှုအား ဘုရားဖူးလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေး

မင်းဘူး မတ် ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားကြီးတွင် ပွဲတော်ကာလ အတွင်း နိုင်ငံကျော်အနုပညာရှင် များက အငြိမ့်သဘင်၊ တေးဂီတ ဖျော်ဖြေပွဲများဖြင့် မတ် ၁၈ ရက်နှင့် ၁၉ ရက် ညတို့တွင် နှစ်ညတိုင်တိုင် ဖျော်ဖြေတင်ဆက်ခဲ့ရာ ဘုရားဖူးလာ ပြည်သူများနှင့် ဒေသခံပြည်သူများက အေးချမ်း ပျော်ရွှင်စွာ လာရောက်ကြည့်ရှု အားပေးခဲ့သည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် မန်းရွှေစက်တော်ဘုရား သောင်ပြင် အထူးတံတားမုခ်ဦး အနီးရှိ စတိတ်စင်မြင့်၌ မတ်လ ၁၈ ရက်နှင့် ၁၉ ရက် ညတို့တွင် ည ၈ နာရီမှစတင်ပြီး ဘုရားဖူး၊ အပန်းဖြေ လာရောက်ကြသူများနှင့် ဒေသခံများအား “မင်းထွေး” ဇာတ်ပွဲသဘင်အဖွဲ့မှ ဦးဆောင်ပြီး အငြိမ့်ဇာတ်မင်းသား/မင်းသမီးများ၊ တေးသံရှင်များနှင့် နိုင်ငံကျော် အနုပညာရှင်များက ရွှေခိုင်ဖော် မင်္ဂလာဆိုင်းဖြင့်တွဲဖက်၍ နှစ်ညတာ မြိုင်မြိုင်ဆိုင်ဆိုင် ညွှတ်ခံဖျော်ဖြေတင်ဆက်ခဲ့ရာ ဖျော်ဖြေပွဲ ဒုတိယညတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူး၊ အပန်းဖြေလာရောက်ကြသူများနှင့် ဒေသခံပြည်သူ တစ်သောင်းကျော်က တစ်ခဲနက် အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးခဲ့သည်။



ယခုနှစ် မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အနယ်နယ် အရပ်ရပ်မှ ဘုရားဖူး ခရီးသွားလာရောက် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၂၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အဖြစ် ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်သူနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်ဆုမြတ်မွန်တို့က ကမ္ဘာ့ရေနေ့ဖြစ်ပေါ်လာပုံ၊ ရေ၏အရေးပါပုံနှင့် ရေအရင်းအမြစ်များအကြောင်း၊ ရေခဲမြစ်များအရည်ပျော်လာခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သောအကြောင်းတရားများ၊ လူသားများအနေဖြင့် ရေအရင်းအမြစ်များကို ဂရုတစိုက်သုံးစွဲသင့်ကြောင်းစသည့်တို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့မင်းထက်(ပြန်/ဆက်)



## ပျဉ်းမနားမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ စာအောင်ဆုချီးမြှင့်ခြင်း စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ပျဉ်းမနား မတ် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ စာအောင်ဆုချီးမြှင့်ခြင်း စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မင်္ဂလာဗျူဟာသာသနာ့ဗိမာန်၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ နေပြည်တော် ပျဉ်းမနားမြို့ မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ရတနသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုသလ အရှင်သူမြတ်ထံမှ သာရဏီယ ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့ မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ရတနသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုသလ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်သော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကဆရာတော်ကြီးများအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး စာအောင်သံဃာတော်များနှင့်သီလရှင်များအား စာအောင်ဆုများနှင့် အောင်လက်မှတ်များ ချီးမြှင့်ဆက်ကပ်ကြသည်။

ပျဉ်းမနားမြို့နယ်တွင် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယနှင့်ပါဠိ ပထမပြန်စာမေးပွဲ အောင်မြင်တော်မူခဲ့ကြသည့် ဓမ္မာစရိယစာအောင်သံဃာ တစ်ပါး၊ ပထမကြီးတန်းစာအောင်သံဃာ လေးပါး၊ ပထမလတ်တန်းစာအောင် သံဃာအပါး ၂၀၊ ပထမငယ်တန်းစာအောင်သံဃာ ၄၅ ပါး၊သီလရှင် လေးပါး၊ အခြေပြုမူလတန်းစာအောင်သံဃာ ၆၈ ပါး၊ သီလရှင် ၁၄ ပါး စုစုပေါင်းစာအောင်သံဃာ ၁၃၈ ပါးနှင့် သီလရှင် ၁၈ ပါး အောင်မြင်ခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

## ချောက်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

ချောက် မတ် ၂၀

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဦးဆောင်၍ အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် အပူဒဏ်ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီက မြို့မရဲစခန်းရှေ့နှင့် မြို့မဈေးတို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်ပါ အသိပညာပေးလက်ကမ်းစာစောင်များကို မြို့မဈေး၌ ဖြန့်ဝေပေးပြီး အပူရှောင်စခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဌက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊
၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm



## ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

ထားဝယ် မတ် ၂၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံအင်္ဂလိပ်စာသင်တန်းကို ယနေ့နံနက်ပိုင်းက ခရိုင်လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ထို့နောက် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က နွေရာသီကျောင်းပိတ်ရက်ကာလများတွင် ကလေးငယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန်၊ နိုင်ငံတကာသုံး အင်္ဂလိပ်စကားပြောဆိုတတ်လာစေရန်၊ အင်္ဂလိပ်စာစွမ်းရည်များ တိုးတက်လာပြီး ကျောင်းစာများတွင်လည်း အထောက်အကူပြုစေရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် အခြေခံအင်္ဂလိပ်စာ Grammar ကို သင်တန်းနည်းပြဆရာမ ဒေါ်ယုကေခိုင်က ကျောင်းသားလူငယ် သင်တန်းသား ၂၀ အား မတ် ၃၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## သာကေတမြို့နယ်၌ နွေရာသီအခြေခံကာတွန်းရေးဆွဲနည်းသင်တန်းအခမဲ့ ဖွင့်လှစ်

သာကေတ မတ် ၂၀

ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ အခြေခံကာတွန်းရေးဆွဲနည်း အခမဲ့သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့မွန်းတည့် ၁၂ နာရီက ဖွင့်လှစ်ခဲ့သည်။



ထိုသို့ ဖွင့်လှစ်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက အဖွင့်အမှာစကားပြောကြားပြီး အင်္ဂလိပ်စာသင်တန်းနည်းပြဆရာ ဦးမြစိန် အလယ်တန်းကျောင်းအုပ်(ငြိမ်း)က မုဒိတာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သာကေတမြို့နယ် အတွင်းရှိ အခြေခံ ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး တက်ရောက်သင်ယူကြပြီး သင်တန်းကို မတ်၂၀ ရက်မှ ဧပြီ ၄ ရက်အထိ ၁ရက်တာ ကာလအတွင်းမွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကာတွန်းဆရာဦးတင်ယုက အခမဲ့ သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သက်ထက်ဇင် (ပြန်/ဆက်)

## သရက်ချောင်းမြို့နယ်၌ နွေရာသီအခြေခံ ဘောလုံးသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိ



တနင်္သာရီ မတ် ၂၀

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူး၍ နွေရာသီအခြေခံလူငယ်ဘောလုံးသင်တန်းကို မတ် ၁၅ ရက်မှစ၍ နေ့စဉ် မွန်းလွဲ ၃ နာရီတွင် သရက်ချောင်းမြို့ မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**တက်ရောက်**

အဆိုပါသင်တန်းတွင် အသက် ၉ နှစ်မှ ၁၄ နှစ်အတွင်းရှိသင်တန်းသားများအား သင်တန်းနည်းပြများက အခြေခံဘောလုံးကစားနည်းများကို ကျွမ်းကျင်စွာကစားနိုင်ရန် စနစ်တကျသင်ကြားပေးလျက်ရှိရာ လူငယ်လူရွယ်များအနေဖြင့် စိတ်ဝင်စားပါက လာရောက်တက်ရောက်နိုင်ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

## မေတ္တာရပ်ခံပန်ကြားခြင်း

ကျွန်တော်များ ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ကို ၁၉၇၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုဆိုလျှင် အနှစ် ၅၀ ကျော်ပြီဖြစ်ပါသည်။ အသင်းဖွဲ့စည်းရခြင်းရည်ရွယ်ချက်မှာ မွတ်စလင်မ်များထံမှ နှစ်စဉ် လှူဒါန်းသည့် (ဇကားသ်)ဆင်းရဲသားဒါနကြေးများ၊ လိလ္လာဟ်လှူဒါန်းငွေများကို ကောက်ခံပြီး တစ်နှစ်ပတ်လုံး မရှိဆင်းရဲသားများကို ထောက်ပံ့ကူညီမှုများပြုလုပ်နိုင်ခဲ့ပါသည်။

ယခုအခါအဖွဲ့မှ သဃ်န်းကျွန်းမြို့နယ်တွင် အဖွားများသုခရိပ်သာတစ်ခုဖွင့်လှစ်ထားပြီး အဘွားများအား ပြုစုစောင့်ရှောက်ပေးလျက်ရှိပါသည်။ အဖွားများသုခရိပ်သာတွင် မေတ္တာဆေးခန်းတစ်ခုဖွင့်လှစ်ထားပြီး လူနာများအား ဆေးဝါးကုသပေးခြင်း၊ အဘိုး/အဘွား သက်ကြီးရွယ်အိုများအား လစဉ်ထောက်ပံ့ကြေးပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိပါသည်။

ကျန်းမာရေးအတွက် ဆေးဝါးဝယ်ရန် အခက်အခဲဖြစ်နေသူများ၊ ကင်ဆာရောဂါဝေဒနာရှင်များ၊ ကျောက်ကပ်ရောဂါဝေဒနာရှင်များအား ဆေးဝယ်ပေးခြင်း၊ သွေးစစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပညာဒါနအနေနှင့် ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ မော်တာစက်ချုပ်သင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ လုပ်ငန်းခွင်သုံး ဈေးကွက်ဖော်ဆောင်ခြင်းနှင့် ရောင်းချခြင်းသင်တန်း၊ အသက်မွေးဝမ်းကျောင်း မိတ်ကပ်အလှပြုပြင်သင်တန်း၊ လုပ်ငန်းခွင်သုံး အာရဗီစကားပြောသင်တန်း၊ နာရီ (၇၀) ကုရ်အာန်သင်တန်းများလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဖွဲ့၏ ပရဟိတလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် လူကြီးမင်းတို့၏ ဇကားသ်/လိလ္လာဟ်အလှူငွေများကို ပေးပို့လှူဒါန်းကြပါရန် လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

| ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ | အဖွားများသုခရိပ်သာ |
| --- | --- |
| အမှတ်- ၁၆၁/၁၆၃၊ ဗိုလ်ဆွန်ပက်လမ်း၊ ပထမထပ် ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့ | အမှတ်- ၁၊ သုခလမ်း၊ (ခ)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| Phone- 01-8253104/01-8380139/09268889528 | Phone- 09790938786/09883205656 |

| | | |
| --- | --- | --- |
| AYA Bank | – | Account Name Cholia Muslim Religious Fund Trust- Account No. 10003580781 |
| CB Bank | – | Account Name Cholia Muslim Religious Fund Trust- Account No. 0082100400000094 |
| Yoma Bank | – | Account Name U Aung Win & U Han Tin – Account No. 000311180000883 |
| KPay No | – | Account Name U Han Tin – Phone No. 09975513800 |

**အလုပ်အမှုဆောင်အဖွဲ့**

## အမည်ပြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်နေ (ဘ) ဦးလှိုင်စိုးဝင်း၏သမီး ပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4မှ မခြူးမြတ်သံစဉ်လှိုင်အား ယနေ့မှစ၍ မအိပြည့်မှူးစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိပြည့်မှူးစံ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဟုတ်ကျင်၏ သမီး ဒေါ်တင်တင်မြင့် [၁၂/သလန(နိုင်)၀၇၅၅၂၀]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၂၉၇၀၇၉**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးကျော်ညွန့်၏ သားမောင်ယဉ်ငြေး [၁၂/ခရန (နိုင်) ၁၀၃၈၆၇]၏ နိုင်ငံကူးလက်မှတ် (MH- 355229)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၆၂၈၈၄၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်အောင်မြင့် မှတ်ပုံတင်အမှတ် [၁၂/သကတ (နိုင်) ၁၉၄၀၀၅]၏ passport စာအုပ် (အမှတ် မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မောင်တင်အောင်မြင့်**
**ဖုန်း-၀၉-၄၄၃၁၅၇၆၆၁**

## ရန်ကုန်မြို့၊ မဟာဝိဇယစေတီတော်မြတ်ကြီး ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းများအတွက် လေလံခေါ်ယူခြင်း

မဟာဝိဇယစေတီတော် ဝတ္တကမြေအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို လေလံစနစ်ဖြင့် ချထားပေးမည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် လေလံဆွဲဝယ်ယူခွင့်ပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ၂၆-၃-၂၀၂၅ ရက်နေ့ မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံးသို့ ပေးပို့ပါရန်နှင့်မွန်းလွဲ (၁၃:၀၀)နာရီတွင် ဖွင့်ဖောက်မည်ဖြစ်ပါသည်-

(က) အလှူမွေးငါးကန်
(ခ) ယာဉ်ဝင်ခွင့်
(ဂ) မုခ်လေးမုခ်ဖိနပ်အပ်နှံခြင်း
(ဃ) သန့်စင်ခန်းများ
(င) ပန်းရောင်းချခွင့်
(စ) ဘိုးဘိုးကြီးနန်းတွင် အုန်းပွဲ၊ ငှက်ပျောပွဲနှင့် အထွေထွေကိစ္စများ

အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၄၂၄၅၅၁၁၆၇/ ၀၁-၈၃၇၀၈၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**မဟာဝိဇယစေတီတော်မြတ်ကြီး**

**ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၅)ရပ်ကွက်၊မြကန်သာလမ်း၊အမှတ်(W-23)၊Grand Myakanthar Condominiumဟုခေါ်တွင်သောအခန်းအမှတ်(B-801)၊ ဧရိယာ(၂၀၆၀)စတုရန်းပေရှိကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းအား တကောင်ဘွားကုမ္ပဏီလီမိတက်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်စင်ချိုနိုင် (၁၂/မဂတ (နိုင်) ၀၇၀၅၄၆) က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များကိုပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

## လင်မယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လဲလူကျေးရွာတွင်နေထိုင်သူ ကျွန်မ ဒေါ်ခင်မာငြေး[၈/မသန(နိုင်) ၀၇၇၆၂၅] သည် ခင်ပွန်းဖြစ်သူ ဦးငြေးနိုင်ထွန်း[၈/မသန (နိုင်)၁၀၁၉၆၄]၊ သားဖြစ်သူ မောင်ပြည့်ဖြိုးအောင် [၈/မသန(နိုင်)၁၇၉၁၄၇] မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လဲလူကျေးရွာနေသူတို့နှစ်ဦးနှင့် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ၁၅-၂-၂၀၂၂ ရက်နေ့တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ကျွန်မနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း၊ နောက်နောင် ၎င်းတို့နှစ်ဦးနှင့်ပတ်သက်၍ ဖြစ်ပျက်မှုအားလုံးအား တာဝန်မယူတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာငြေး [၈/မသန(နိုင်)၀၇၇၆၂၅]**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ် (၉)၊ (၅-လွှာ) ခြေရင်းခန်း (၁၈ပေ x ၃၇ပေ) အကျယ်အဝန်းရှိ ရေ၊ မီးအစုံ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လဲ့လဲ့ဝင်း [၁၂/မရက(နိုင်)၀၇၉၄၀၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထွေးထွေးရင် [၈/တတက(နိုင်)၂၅၀၄၁၂] ကိုယ်စား ဒေါ်အေးမြင့်ကြည် [၈/တတက(နိုင်)၂၄၃၈၁၀]သည် (၁၉-၃-၂၀၂၅) ရက်စွဲပါ တိုက်ခန်းအပျောက် အပြီးအပိုင်ရောင်း နှစ်ဦးသဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆို၍ ရောင်းဖိုးငွေအပြေအကျေပေးချေပြီး ဥပဒေနှင့်အညီ လက်ရောက်လက်ခံဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမြတ်ထွေး(LLB) | ဦးနေမင်းထိုက်(LL.B ) |
| --- | --- |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်- ၈၉၉၃) | (စဉ်- ၄၁၂၉၈) |
| ဖုန်း- ၀၉-၄၂၀၈၇၃၈၆ | ဖုန်း- ၀၉-၇၆၆၇၇၄၂၁၇ |

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၃-၂၀၂၅ ကြေးမုံသတင်းစာ စာမျက်နှာ (၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မိုးမိုးအောင်၏ ကန့်ကွက်နိုင်ပါသည်ကြော်ငြာတွင် (၈)ရပ်ကွက် အစား (ဂ)ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန်ကြေညာခြင်း

ကျွန်မ **ဒေါ်ဝါဝါဝင်း** မှတ်ပုံတင်အမှတ် [၁၀/မဒန(နိုင်)၁၁၄၅၇၅]နှင့် **ဦးဇော်ဇော်နိုင်** မှတ်ပုံတင်အမှတ် [၁၀/မဒန(နိုင်)၁၆၀၃၀၃]တို့သည် (၁၂-၁၀-၂၀၀၇)မှစတင်၍ လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ လွန်ခဲ့သော (၂၀၁၈)ခုနှစ်ကတည်းကစပြီး ယနေ့ထိ ကျွန်မနှင့် ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ပါ။ **ဦးဇော်ဇော်နိုင်** [၁၀/မဒန(နိုင်)၁၆၀၃၀၃]ထံမှလည်း မည်သည့်အထောက်အပံ့ကိုမှ မရရှိခဲ့သည့်အပြင် ယနေ့ထိ ကျွန်မနှင့် ကျွန်မ၏ သားနှင့်သမီးတို့ကို အကြိမ်ကြိမ်စိတ်ဆင်းရဲခြင်းနှင့် အရှက်ကွဲအောင်ပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ **ဦးဇော်ဇော်နိုင်** [၁၀/မဒန(နိုင်)၁၆၀၃၀၃]နှင့် ကျွန်မ ဒေါ်ဝါဝါဝင်း [၁၀/မဒန(နိုင်)၁၁၄၅၇၅]တို့သည် (လုံးဝ)သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်အရှုပ်အရှင်းကိစ္စများကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

"စုံစမ်းမေးမြန်းနိုင်ပါသည်"

**ဒေါ်ဝါဝါဝင်း**
**[၁၀/မဒန(နိုင်)၁၁၄၅၇၅]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (33-၂၁)၊ ဦးပိုင်အမှတ်(၆၁) မြေကွက်သည် ဦးတင်မိုးအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်ဘက်ခြမ်း ပေ(၃၀x၄၀)ကို ဦးအောင်ခိုင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေနှင့်တိုက်၊ ရေ၊ မီးအပါအဝင် ယင်းမြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို သမီးများဖြစ်ကြသည့် ဒေါ်ဆွေဆွေအောင်၊ ဒေါ်နန္ဒာခိုင်နှင့် ဒေါ်ရွှေရည်ဝင်းတို့အား (၂၈-၉-၂၀၂၃) ရက်စွဲပါ **"မိသားစုစီမံခန့်ခွဲမှုအရ အမွေပေးအပ်ခြင်း ဝန်ခံကတိစာချုပ်"**ချုပ်ဆို၍ အမွေအဖြစ်ပေးအပ်ခဲ့သော်လည်း ယခုအခါတွင် ၎င်းတို့သည် ဖခင် ဦးအောင်ခိုင်အား ရိုင်းစိုင်းယုတ်ညံ့စွာ ဆဲဆိုကြိမ်းမောင်းခြိမ်းခြောက်ခြင်းများ ပြုလုပ်ကျူးလွန်နေသည့်အတွက် ဦးအောင်ခိုင်၏ဂုဏ်သိက္ခာအား ထိခိုက်နစ်နာဆုံးရှုံးလျက်ရှိပြီး စိတ်ဆင်းရဲခြင်းများကို နေ့စဉ်ခံစားနေရသဖြင့် ဒေါ်ဆွေဆွေအောင်၊ ဒေါ်နန္ဒာခိုင်နှင့် ဒေါ်ရွှေရည်ဝင်းတို့အား ယနေ့မှစ၍ သွာနုတ္တာသမီးများအဖြစ် အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ပြီး (၂၈-၉-၂၀၂၃)ရက်စွဲပါ **"မိသားစုစီမံခန့်ခွဲမှုအရ အမွေပေးအပ်ခြင်း ဝန်ခံကတိစာချုပ်"** အား အပြီးအပိုင်ဖျက်သိမ်းကြောင်းနှင့် ဦးအောင်ခိုင်မှ ဒေါ်ဆွေဆွေအောင်၊ ဒေါ်နန္ဒာခိုင် နှင့် ဒေါ်ရွှေရည်ဝင်းတို့အား (၂၈-၉-၂၀၂၃)ရက်နေ့တွင် လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသူဇာလှိုင်**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်- ၁၂၇၈၁ (၁၅-၆-၂၀၀၇)**
**အမှတ်(၂၃)၊ အေးသာယာ(၂)လမ်း၊ အေးသာယာရပ်၊**
**မော်လမြိုင်မြို့။ ဖုန်း- ၀၉-၂၆၁၄၇၂၈၉၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့်- ၅၊ နည်းဥပဒေ- ၂၀)
### ပေါင်မြို့နယ်တရားရုံး
### ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၉

| ဦးသီဟ | နှင့် | ဒေါ်ဇင်မာထွေး |
| --- | --- | --- |
| **တရားလို** | | **တရားပြိုင်** |

ပေါင်မြို့နယ်၊ ကော့ကရင်ကျေးရွာနေ တရားပြိုင် ဒေါ်ဇင်မာထွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးသီဟက လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုကို လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၂)ရက် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် (၁၀)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၁၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မင်းသူ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပေါင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄၄/စက်မှုဇုန်၊ မြေကွက်အမှတ်- ၁၂၆၊ မြေကွက်တည်နေရာအမှတ်- ၁၂၆၊ တိုင်းတာမင်းကြီးလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ ၁၄၄ ရပ်ကွက်၊ စက်မှုဇုန်ဒဂုံတောင်၊ ဒေါ်တင်စိန် [၁၂/မရက(နိုင်)၀၁၉၃၆၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်တင်စိန် ဇနီးဖြစ်သူသည် (၁-၂-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်၍ ခင်ပွန်းဖြစ်သူ ဦးတင်လှိုင် [၁၂/မရက(နိုင်)၀၁၉၃၆၇]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ခင်ပွန်းဖြစ်ကြောင်း၊ အထက်ပါ မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၈၃၈/၂၀၂၅ (၂၇-၁-၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ဇနီးသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ သွပ်မိုး အဆောက်အဦရှိပြီး ကိုယ်တိုင်မနေ၊ အစောင့်ထားရှိ၍ လျှောက်ထားသူ ၎င်း၏အစောင့်တို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးတင်လှိုင်၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မေတ္တာလမ်းနှင့် သခင်ဖိုးလှကြီးလမ်းထောင့်၊ အမှတ် (၁၅၁/၁) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- ၁၄/၁၊ လူနေရပ်ကွက်အမှတ် (မြင်သာစုပေါင်းအိမ်ရာ)၊ မြေကွက်အမှတ် (၁၅၁/၁)၊ အကျယ်အဝန်း (၀.၀၆၄)ဧကရှိ ဦးလှအေး [၁၂/ဥကတ(နိုင်) ၁၁၁၄၃၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသော (၂)ခန်းတွဲ (၈)ထပ်တိုက် (Slab Roof) (Lift ၁ စီးပါ) တိုက်၏ မြေညီထပ်၊ တိုက်မျက်နှာမူလျှင် ညာဘက်အခြမ်း(ခြေရင်း)ခန်း၊ မေတ္တာလမ်းမဘက်အခြမ်း၊ အကျယ်အဝန်း (အနံ-၁၉ပေx အလျား- ၅၁ပေ) ရှိတိုက်ခန်းနှင့်တကွ တိုက်ခန်းရှေ့မျက်နှာစာမှ ကားပါကင်နေရာအပါအဝင် ယင်းနှင့်ပတ်သက်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို Nation Light Co., Ltd. (Company Registration No.105667469)မှ တရားဝင် လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ၎င်းကိုယ်စား-ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးလွင်ရန်နိုင် [၁၂/ဥကတ(နိုင်) ၁၄၄၂၉၃]မှ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးယဉ်မင်းဟန် [၁၂/ဗဟန(နိုင်)၀၉၅၂၇၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ(၁၃) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးအလုံးမောင်(B.A.(Eng.), R.L.) | ဦးအောင်ကျော်လင်း(LL.B., D.B.L) |
| --- | --- |
| (စဉ်-၆၆၁၀/၂၀-၇-၁၉၉၈) | (စဉ်-၄၁၀၇၀/၂၆-၁၂-၂၀၁၂) |
| ဦးမင်းခိုင်(LL.B.) | ဦးရဲမျိုးထွန်း (LL.B., WIPO) |
| (စဉ်-၁၈၂၇၂/၁၆-၁၀-၂၀၂၃) | (စဉ်-၃၉၈၆၇/၂၄-၈-၂၀၁၂) |
| (တရားလွှတ်တော်ရှေ့နေများ) | (အထက်တန်းရှေ့နေများ) |

**အမှတ် (၆၀)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၅၄၂၇၃၄၊ ၀၉-၇၅၈၄၀၃၇၆၇**

## လူပျောက်ကြော်ငြာ



ဦးကောင်းစံဝင်း အသက်(၅၆)နှစ်ရှိ (စိတ်ဝေဒနာရှင်)သည် 8-3-2025 ရက်နေ့တွင် နေအိမ်မှ ထွက်ခွာသွားပါသည်။ ၎င်း ဦးကောင်းစံဝင်းသည် ညာခြေထောက် ဒူးဆစ်အောက်ပြတ်နေပြီး ခြေတုတပ်ထားပါသည်။ တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်-

**ဆက်သွယ်ရန်ဖုန်း- ၀၉-၇၅၃၆၃၂၃၇၄၊ ၀၉-၇၅၇၉၇၇၂၁၂**

## ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

- မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပေ(၁၀၀x၁၇၅) နှစ်(၆၀)ဂရန်မြေ သိန်း(၁၂၀၀၀)
- ရန်ကင်း၊ မိုးကောင်းလမ်းမပေါ်ရှိ စကားဝါကွန်ဒို(၆)လွှာ၊ (၁၆၂၄)sqft သိန်း(၈၀၀၀)
- တောင်ဥက္ကလာပ၊ မြင်သာ(၉)လမ်း၊ ပေ(၁၄ x ၅၅) သိန်း(၂၃၀၀)

**ဖုန်း-၀၉-၇၈၉၅၅၉၇၈၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ ပုလဲလမ်း၊ မြေကွက်အမှတ် (၅၈၈)၊ (၄၀x၆၀)ပေရှိ ဒေါ်စန်းစန်းမြင့် (ခ) အွန်ဟွီဘင် [၁၂/ပဇတ(နိုင်) ၀၁၅၀၉၈] အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝေစိုးအောင် [၉/မခန(နိုင်)၁၉၇၁၂၄]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်ဇေယျာထွန်း (LL.B)** | **ဦးမိုးဆက် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၂၁၃)** | **အထက်တန်းရှေ့နေ (စဉ်-၂၉၄၂၆)** |

**အမှတ် (၁)၊ Shop House အိမ်ရာ၊ (၉၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉- ၄၂၀၀၄၄၀၃၂၊ ၀၉-၇၆၄၂၄၄၀၃၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ဗစိုး(၅)လမ်း၊ အမှတ်(၄၀၅/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀'x၆၀')ရှိ ဦးစိန်လှ အမည်ပေါက် ပါမစ်မိတ္တူမြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မေရီလွင် [၁၂/မရက(နိုင်)၀၀၁၁၈၇]မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း- ၀၉-၅၀၉၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းနေ ကျွန်ုပ်မိတ်ဆွေ **(ဦးဝင်းတင်) (IGU-128068)၊ ဒေါ်ဆယ်တင် [၁၄/မအန (နိုင်) ၀၇၀၈၅၈]**တို့၏သားဖြစ်သူ **မောင်တိုးကိုကို [၁၂/သကတ(နိုင်)၁၈၃၀၅၃]**သည် မိခင်ဖြစ်သူ ဒေါ်ဆယ်တင်၏ ဆိုဆုံးမမှုကို မလိုက်နာ၊ မိခင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ် ပြုမူဆောင်ရွက်ခဲ့သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်တိုးကိုကိုနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့သည် မိခင်နှင့် လုံးဝ ပတ်သက် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမြသန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၈၀၉၇)**
**အမှတ်(၆၅၇)၊ နှယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၉၂၂၄၀၃၉၇၊ ၀၉-၄၀၃၆၅၉၁၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ကျောက်စိမ်း(၁)လမ်း၊ မြေကွက်အမှတ်(၁၁၉)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀ပေ× ၆၀ပေ)ရှိ ဦးဇော်မင်း (၁၂/စခန (နိုင်) ၀၀၃၆၃၈) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ကျောက်စိမ်း(၁)လမ်း၊ မြေကွက်အမှတ်(၁၂၀)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀ပေ× ၆၀ပေ)ရှိ ဦးဇော်မင်း (၁၂/စခန (နိုင်) ၀၀၃၆၃၈) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ဖော်ပြပါမြေကွက်(၂)ကွက်နှင့်နေအိမ်အကျိုးခံစားခွင့်တို့အား မြေအမည်ပေါက်ဖြစ်သော ဦးဇော်မင်း ကိုယ်တိုင်က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအနောက် (၁)လမ်း၊ အမှတ် (၁၇၂)၊ (ပထမထပ်/ဘီ)၊ အကျယ် (၁၂ $\frac{1}{2}$ ပေx ၅၄ပေ) အကျယ်ရှိ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အိမြတ်ဖြူ [၈/မကန(နိုင်)၁၆၆၉၂၂]မှ ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ တရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုကျော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၅၃၃)**
**အမှတ် (၆၈၄)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်းနှင့် (၁၉)လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၅၀၄၆၅၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၈၂၀)၊ စိတ္တသုခလမ်း၊ အကျယ်အဝန်း(၀.၀၅၆)ဧကအကျယ်ရှိ ဒေါ်ခင်အိအိချော အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် အမှန်တကယ်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သောင်းကြည် (၁၂/ဥကမ(နိုင်)၀၉၆၂၀၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဒေါ်မေမြတ်ချိန် | ဒေါ်ဝတ်ရည်ငွေး |
| LL.B,D.B.L (စဉ်-၁၁၃၁၁) | LL.B,LL.M (စဉ်-၃၆၉၁၇) |

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 09-5185534, 09-5173690, 09-5040160, 09-420203960
ရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 09-5060940, 09-5185539, 09-450450977, 09-450450907

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**မရမ်းကုန်းခရိုင်တရားရုံးတော်**

**၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၃၈ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၁၉၅ ။**

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (၎င်းကိုယ်စား ဒေါ်လင်းလင်းမြတ်) | နှင့် | ၁။ ဦးအောင်နိုင်ထွန်း<br>၂။ ဒေါ်ညိမ်းညိမ်း<br>၃။ ဦးသန်းထွန်းစိုး |
| **ဒီကရီအနိုင်ရရှိသူ** | | **တရားရှုံးများ** |

**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်မြေသာစည်လမ်း၊ တိုက်အမှတ် (၁၁)နေ (၃)တရားရှုံး ဦးသန်းထွန်းစိုး (ယခုနေရပ် လိပ်စာမသိသူ)** သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၃၈ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် **ဒီကရီအနိုင်ရသူ**က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်၊** (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ(၁၀:၀၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၁၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်-၈၉ တည်ရှိရာ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်- (26-C2)၊ မြေကွက်အမှတ် (V ၁၈၈ နှင့် ၁၈၉)၊ ဧရိယာ (၀.၀၄၈)ဧက၊ ဦးမြင့်၊ ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်လေးခင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်(သက်ကုန်) မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမြင့်၏အစုအတွက် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၇၄၁/၂၀၁၇ (၂၂-၃-၂၀၁၇)နှင့် စွန့်လွှတ် စာချုပ်အမှတ်- ၇၄၂/၂၀၁၇(၂၂-၃-၂၀၁၇) ဖြင့် ဒေါ်နွဲ့နွဲ့ရီက ရရှိခဲ့ပါကြောင်း၊ ဒေါ်နွဲ့နွဲ့ရီ(မိခင်)သည်(၂၆-၇-၂၀၂၁)ရက်နေ့နှင့် ဦးခင်ထွန်း(ဖခင်)သည် (၁၆-၂-၁၉၉၈)ရက်နေ့တို့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဖခင် ဦးခင်ထွန်းနှင့် မိခင် ဒေါ်နွဲ့နွဲ့ရီတို့တွင် ဦးမြတ်သူ တစ်ဦးတည်းသာ မွေးဖွားခဲ့ပါကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ ၎င်းတစ်ဦးတည်းကသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားမွေးချင်းနှင့်ကိတ္တိမသား/သမီးအဖြစ် မွေးစားထားခဲ့ခြင်းလည်း မရှိပါကြောင်း၊ ကျန်အမည်ပေါက် ဒေါ်လေးခင် အစုဖြစ်သည့် ဧရိယာ (၀.၀၄၈)ဧက၏ တရားဝင်မခွဲစိတ်ရသေးသည့် (အလျား ၂၅ ပေ x အနံ ၅၀ပေ)ကို အရောင်းစာချုပ်အမှတ်- ၃၉၃/၁၉၈၄ (၅-၆-၁၉၈၄)ဖြင့် ဦးညွှန့်ရွှေ၊ ဒေါ်ရီ၊ ဦးမြင့်ထူး၊ ဒေါ်ကြူကြူ တို့က ရရှိခဲ့ပါကြောင်း၊ ၎င်းတို့ (၄)ဦးထံမှ ထပ်မံ၍တရားဝင်မခွဲစိတ်ရသေးသည့် (အလျား ၁၂ပေ ၆လက်မx အနံ ၅၀ပေ)ရှိ မြေကွက်၏ အရှေ့ဘက်ခြမ်းကိုအရောင်းစာချုပ်အမှတ်- ၆၄၆/၁၉၈၅ (၁၆-၇-၁၉၈၅)ဖြင့် ဦးဟုတ်စိန်၊ ဒေါ်ရှုဝါးတို့က ရရှိခဲ့ပါကြောင်း၊ ဦးဟုတ်စိန်(ခင်ပွန်း)သည် (၂-၁-၂၀၀၈)ရက်နေ့ ကွယ်လွန်ပါကြောင်း၊ ဦးဟုတ်စိန်တွင် တရားဝင်ဇနီးဖြစ်သူ ဒေါ်ရှုဝါး တစ်ဦးတည်းသာရှိပါကြောင်း၊ အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ တရားဝင်မခွဲစိတ်ရသေးသည့် (အလျား ၁၂ ပေx အနံ ၅၀ပေ)ရှိ မြေကွက်၏ အနောက်ဘက်ခြမ်းကို ဦးမြင့်ထူး၊ ဒေါ်ကြူကြူတို့က စွန့်လွှတ်စာချုပ်အမှတ်- ၅၉၈/၁၉၈၄ (၂-၈-၁၉၈၄)ဖြင့် စွန့်လွှတ်ခဲ့သဖြင့် ဦးညွှန့်ရွှေ ဒေါ်ရီတို့မှ ရရှိခဲ့ပါကြောင်း၊ ဦးညွှန့်ရွှေသည် (၂၉-၃-၂၀၁၄)ရက်နေ့နှင့် ဒေါ်ရီသည် (၅-၈-၂၀၂၂)ရက်နေ့တို့တွင် ကွယ်လွန်ခဲ့ပြီး၊ ၎င်းတို့မှ ဒေါ်အေးကြူ တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ ဒေါ်အေးကြူ(မိခင်)သည် (၂၂-၈-၂၀၂၃)ရက်နေ့နှင့် ဦးခင်မောင်မြင့်(ဖခင်)သည် (၄-၆-၂၀၁၇)ရက်နေ့တို့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့မှ ဒေါ်မြစန္ဒာ၊ ဒေါ်သိင်္ဂီညွန့်၊ ဒေါ်ဇာခြည်မိုး၊ ဦးအောင်ကြီး၊ ဒေါ်မြခိုင်မာတို့ မောင်နှမ (၅)ဦးကို မွေးဖွားခဲ့ကြောင်း၊ ဒေါ်မြခိုင်မာသည် အပျိုကြီးဘဝဖြင့် (၁-၂-၂၀၁၁)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး၊ ၎င်းမကွယ်လွန်မီ ကိတ္တိမသား/သမီးအဖြစ် မွေးစားထားခဲ့ခြင်းလည်း မရှိပါကြောင်း၊ မိဘများနှင့် အစ်မ/ညီမဖြစ်သူတို့ ကွယ်လွန်ပြီးနောက် ဒေါ်မြစန္ဒာ၊ ဒေါ်သိင်္ဂီညွန့်၊ ဒေါ်ဇာခြည်မိုး၊ ဦးအောင်ကြီးတို့ (၄)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ဦးမြတ်သူ[၁၂/ဗဟန(နိုင်)၀၉၄၇၁၁]၊ ဒေါ်ရှုဝါး [၁၂/ကမတ(နိုင်)၀၄၈၄၀၅]၊ ဒေါ်မြစန္ဒာ[၁၂/ကမတ(နိုင်)၀၀၂၆၅၂]၊ ဒေါ်သိင်္ဂီညွန့်[၁၂/ကမတ(နိုင်)၀၅၁၈၉၇]၊ ဒေါ်ဇာခြည်မိုး [၁၂/ကမတ(နိုင်)၀၆၀၇၂၉]၊ ဦးအောင်ကြီး[၁၂/ကမတ(နိုင်)၀၆၀၆၉၉]တို့က အလုံခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၁၉၄/၂၀၂၄ (၁၉-၉-၂၀၂၄)နှင့် ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၇၄၁/၂၀၁၇ နှင့် စွန့်လွှတ်စာချုပ်အမှတ်- ၇၄၂/၂၀၁၇၊ အရောင်းစာချုပ်အမှတ်- ၆၄၆/ ၁၉၈၅၊ အရောင်းစာချုပ်အမှတ်-၃၉၃/၁၉၈၄၊ ဦးခင်ထွန်း၏ သေစာရင်းမိတ္တူမှန်၊ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀) မြေငှားဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ဦးမြတ်သူ၊ ဒေါ်ရှုဝါး၊ ဒေါ်မြစန္ဒာ၊ ဒေါ်သိင်္ဂီညွန့်၊ ဒေါ်ဇာခြည်မိုး၊ ဦးအောင်ကြီးတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် (၇၉၄/က)၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၇၉၄/က)၊ ရွှေအုတ်ဂူ(၁)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဦးမြတိုး[၁၂/သကတ(နိုင်)၀၈၆၇၉၄]၊ ၂။ ဒေါ်အုံးမြင့် [၁၂/သကတ(နိုင်)၀၈၆၀၂၁] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြတိုး [၁၂/သကတ(နိုင်)၀၈၆၇၉၄]၊ ဒေါ်အုံးမြင့် [၁၂/သကတ(နိုင်)၀၈၆၀၂၁]တို့ မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြတိုး (ခင်ပွန်း)ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၆/၂၀၂၄(၅-၁-၂၀၂၄) ဖြင့် ပိုင်ဆိုင်သူ ကျန်အမည်ပေါက်တစ်ဦးလည်းဖြစ်ပြီး ဇနီးလည်းဖြစ်သူ ဒေါ်အုံးမြင့် [၁၂/သကတ(နိုင်)၀၈၆၀၂၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်- ၄၄၄၀/၂၀၂၃ (၈-၃-၂၀၂၃)ရသူ ဒေါ်အေးအေးမော် [၁၂/သကတ(နိုင်) ၀၅၁၈၁၈]မှ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ နာဂစ်မုန်တိုင်း တိုက်ခတ်စဉ်က ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ ၎င်းမြေကွက်နှင့်ပတ်သက်သည့် နှစ်(၆၀) မြေငှားဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သာကေတနယ်မြေရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူသည် သက်ရှိထင်ရှားရှိကြောင်းနှင့် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကိုလည်း ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးအုန်းကျော်၏ သား မောင်ကောင်းမြတ်ဟိန်း [၁၄/ဖပန (နိုင်) ၂၇၁၇၆၉]၏ နိုင်ငံကူးလက်မှတ် (MF934108) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၁၅၈၂၇၃၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ အင်း၀ အိမ်ရာစီမံကိန်းမှ မြေကွက်အမှတ်(B.6)၊ ဧရိယာ (၀.၀၈၆)ဧကရှိ မြေကွက်အား အမည်ပေါက် ဒေါ်ခမ်းရိပ်မိုး၊ ဒေါ်စမ်းရေမိုးတို့မှ မိခင်ဖြစ်သူ ဒေါ်ထားထားအေး [၁၂/မရက(နိုင်) ၀၈၁၄၇၁] အား မေတ္တာဖြင့် ပြန်လည်ပေးအပ်ပြီးဖြစ်ပါသဖြင့် ၎င်းအမည်ဖြင့် မြေငှားစာချုပ်(ဂရန်) ထုတ်ပေးပါရန် ဒေါ်ထားထားအေးမှ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအမှတ်(၄၀)၊**
**(နေပြည်တော်)**

## အများသိစေရန် အသိပေးကြေညာခြင်း

ဦးဟိန်းစစ်အောင် [၁၂/မရက(နိုင်)၁၅၁၈၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၃၁၉၊ ကန်သာယာလမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်လှမူ(DNU-၀၀၂၀၃၆)အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)ဂရန်မြေ အမျိုးအစား၏ (အလျား ၄၀ပေx အနံ ၆၀ပေ)ထဲမှ တရားဝင်ခွဲစိတ်ထားရခြင်း မရှိသေးသော ခြေရင်းဘက်အခြမ်း (အလျား ၂၀ပေx အနံ ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှန်ခဲ့သော ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ဂရန်အမည်ပေါက်ထံမှ အဆက်ဆက်အရပ်စာချုပ်များဖြင့် ဦးထွန်းဇော်ဦး[၁၂/မရက(နိုင်) ၀၆၆၂၃၁]နှင့် ဦးဟိန်းစစ်အောင် [၁၂/မရက(နိုင်)၁၅၁၈၄၄]တို့က ဥပဒေနှင့်အညီ တရားဝင်လက်ရောက်နေထိုင် ပိုင်ဆိုင်လာခဲ့ပြီး ယနေ့ချိန်အထိ အထက်ဖော်ပြပါ အိမ်မြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ ငှားရမ်းထားခြင်း၊ လွှဲပြောင်းထားခြင်းတို့ တစ်စုံတစ်ရာပြုလုပ်ထားခြင်းမရှိဘဲ ဦးဟိန်းစစ်အောင်နှင့် ဦးထွန်းဇော်ဦးသာ ဥပဒေနှင့်အညီ တရားဝင်လက်ရောက်ပိုင်ဆိုင် စီမံခွင့်ရှိသူတစ်ဦးသာဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဟိန်းစစ်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး(LL.B, CBL, DBL) (DL.101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈၃)**
**အမှတ်- ၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာရပ်ကွက်)၊ တော်ဝင်(၅)လမ်း၊ အမှတ် (D-114) ဟုခေါ်တွင်သော ဒေါ်စိုးစိုးသန်း အမည်ပေါက် စလစ်မြေအမျိုးအစား မြေကွက်၏ (အနောက်လှည့်) (အလျား ၄၀ပေx အနံ ၆၀ပေ) အနက်မှ (အလျား ၂၀ ပေx အနံ ၆၀ပေ) အကျယ်ရှိ (တောင်ဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+လျှပ်စစ်မီတာပါဝင်သော တစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသော ဦးငြိမ်းချမ်းအောင် [၅/ရဥန(နိုင်)၀၈၅၂၆၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့လွင် [၁၂/အလန(နိုင်)၀၀၅၄၆၁]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေ အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်နော်ဆည်းဇာ(LL.B)** |
| **(စဉ် ၁၃၁၈၁/၁၇)** | **(စဉ် ၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** |
| **(စဉ် ၁၃၂၄၀/၁၇)** | **(စဉ် ၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး၊ ပဲခူးစုရပ်ကွက်(ရုံးတော်ကွက်)၊ သန်လျင်မြို့။ ဖုန်း- ၀၉-၅၁၇၃၇၅၈**

ရွှေမိုးတောင်းကွန်ဒို မှ
အထူးပရိုမိုးရှင်း
(၂၀%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။
“မြန်မာ့နှစ်သစ်ကူးရေသဘင်ပွဲတော်သင်္ကြန်ကို
ကြိုဆိုသောအားဖြင့် ရွှေမိုးကောင်းကွန်ဒို မှ
တိုက်ခန်းများအား အထူးပရိုမိုးရှင်း
(20) % Discount ဖြင့် ရောင်းချပေးနေပါသည်။”
ဆက်သွယ်ရန်ဖုန်း - ၀၉-၃၆၁၂၈၈၁၄၊ ၀၉-၂၅၄၀၃၄၈၇၁






## “အမွေပြတ်စွန့်လွှတ်ခြင်းအားပြန်လည်ရုပ်သိမ်းခြင်း”

၁၅-၁၀-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခဲ့သော မောင်ဇေယျာထွန်း [၁၁/စတန(နိုင်)၀၆၄၅၃၂]အား အမွေပြတ်စွန့်လွှတ်ခြင်းမှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်တင်အေး**
**[၁၁/စတန(နိုင်)၀၁၇၉၁၆]**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ သုခမ္မာလမ်း၊ မြေကွက်အမှတ်(၁၁၅)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀'x အနံ ၅၀') ပေါ်တွင် ဆောက်လုပ်ထားသည့် -(၂)ခန်းတွဲ၊ (၈)ထပ်ခွဲတိုက်၏ တတိယထပ်၊ ၄-လွှာ၊ အခန်းနံပါတ်(၃၀၁) (ခြေရင်းခန်း)၊ မြေကွက်အမှတ်(၁၁၄)နှင့်ကပ်လျက် (အလျား ၁၇'x အနံ ၄၈') အကျယ်ရှိ ရေ+မီးစုံပါ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိတွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်အေးမင်းသူ [၁၂/သဃက(နိုင်)၁၈၄၆၆၂] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၄၇)**
**ဖုန်း-၀၉-၄၂၀၃၀၆၉၃၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၄) ရပ်ကွက်၊ အမှတ်-၅၉၊ ၃-လွှာ (ဒုတိယထပ်)၊ (အလျား၂၅'x အနံ ၅၀'x အမြင့် ၉')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ လျှပ်စစ်မီတာ၊ ရေတင်မော်တာ (ရေ+မီး အစုံ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသည့် **ဦးမျိုးဝင်း [၁၄/ပသန(နိုင်)၁၆၁၇၆၆]** ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းကို (၁၉-၃-၂၀၂၅) ရက်စွဲပါ “အပျောက်စနစ်ဖြင့်တိုက်ခန်းအရောင်းအဝယ်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးချေခြင်း သဘောတူကတိစာချုပ်” ဖြင့် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်၌ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက (တိုက်ခန်း) အရောင်း အဝယ်ကို ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းနု ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၁၉)**
**အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း (၄)၊ MAC Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဝေဘာဂီလမ်း၊ မြေကွက်အမှတ်(၃၇၂/က)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား(၂၀)ပေxအနံ(၆၀)ပေရှိ **ဒေါ်ကေကေဝင်း [၁၂/ဥကမ(နိုင်) ၁၈၆၀၇၁] အမည်ပေါက်** နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သူ **ဒေါ်ကေကေဝင်း[၁၂/ဥကမ(နိုင်)၁၈၆၀၇၁]**မှ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးစန်းပြည့်ထွန်း[၁၂/သဃက(နိုင်)၁၄၆၅၈၉]**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ အဆင့်မြင့် အိမ်ရာစီမံကိန်းအဆင့်(၈)၊ ယမုံနာအိမ်ရာ တိုက်အမှတ် (AII)၊ ပထမထပ်၊ အခန်းအမှတ်(၂၀)၏ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် ဒေါ်ချစ်မြအမည်ပေါက်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မမ [၁၂/ကတတ(နိုင်)၀၂၀၁၇၄] ၎င်းကိုယ်စား လက်မှတ်ရေးထိုးသူ ဒေါ်သက်မာဝင်း [၁၂/ကတတ (နိုင်)၀၂၈၂၅၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤအရောင်းအဝယ် ကိစ္စကို ပြီးပြတ်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးညိုဝင်းမောင် B.Sc, HGP, RL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၄၇/၈၉)**
**အမှတ်(၂၇၆)၊ ဘုရားလမ်း(၁)၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၁၂၁၁၄၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၅)၊ ၁၇-ရပ်ကွက်၊ မလိခ(၁)လမ်း၊ အမှတ်(၆၆)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-ဇုန်-၅(စက်မှုဇုန်)၊ မြေကွက်အမှတ်(၆၆)မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၈၆.၉x၁၁၁)ပေ၊ နှစ်(၆၀)စက်မှုဂရန်မြေကွက်သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးမောင်မောင်လတ်[၁၂/အစန(နိုင်)၀၀၇၃၀၃]က အမည်ပေါက်လျက်ရှိပြီး ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ(၂)လုံး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးမောင်မောင်လတ် တစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်အေး [၁၂/သဃက(နိုင်)၁၅၀၇၁၅]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီတရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေး** **ဦးကျော်မြင့် ( H.G.P, LL.B )** **ဒေါ်နှင်းမြခိုင်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၂၆)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၀၃)**
**အမှတ်(၁၂၆)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၄၄၃၀၈၈၃၈၃**

## “ကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ လူနေရပ်ကွက်အမှတ် - ဇီဇဝါအိမ်ရာ၊ မြေကွက်အမှတ်(၂၉၉/၁၇)၊ ဧရိယာ(၀.၁၄၉) ဧက၊ အကျယ်အဝန်း(အလျား ၈၀ ပေ x အနံ ၈၁ ပေ) ရှိသော နှစ် (၆၀) ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဇီဇဝါဥယျာဉ်အိမ်ရာ၊ အမှတ်(၄၅/အေ) ဟုခေါ်တွင်သော ရေမီးအပြည့်အစုံပါရှိသော (၂) ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မောင်လွင် အမည်ဖြင့် မှတ်သားတည်ရှိပြီး ဒေါ်ခင်စမ်းဝင်း [၁၂/မဂတ(နိုင်)၀၁၃၈၉၁]နှင့် ခင်ပွန်း- ဦးတင်လှအောင်တို့က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၂၁၃၂/၂၂-၅-၂၀၀၃) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ဒေါ်ခင်စမ်းဝင်း၏ ခင်ပွန်းဖြစ်သူ- ဦးတင်လှအောင်သည် (၇-၁၂-၂၀၂၄) နေ့တွင် ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ- ဒေါ်ခင်စမ်းဝင်းက အဆိုပါ မြေကွက်နှင့်နေအိမ်အား တရားဝင်ဇနီးအဖြစ် ဆက်ခံပိုင်ဆိုင်လာကြောင်း သိရှိရပါသည်။

ဒေါ်ခင်စမ်းဝင်းနှင့် ၎င်း၏ခင်ပွန်းသက်ရှိထင်ရှားရှိစဉ်က ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၊ အထွေထွေကိုယ်စား လှယ်စာရသူ ၎င်းတို့၏သမီးဖြစ်သူ- ဒေါ်ခင်ထက်ထက်အောင်မှတစ်ဆင့် “အိမ်/မြေ အရောင်းအဝယ် ကတိစာချုပ်” ဖြင့် ဦးသက်ထွန်းဦး [၉/ပဘန(နိုင်)၀၆၄၉၄၄] ထံရောင်းချပြီး ယင်းမြေကွက်ပိုင်ဆိုင်မှု ဂရန်မူရင်းနှင့် အထက်ပါ ဝယ်ယူခဲ့သော မှတ်ပုံတင်စာချုပ်မူရင်းတို့ကို ပေးအပ်၍ ဦးသက်ထွန်းဦးက လက်ရှိထားရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် အထက်ပါမြေကွက်နှင့် နေအိမ်ကို ပူးတွဲ၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူများဖြစ်သော ဒေါ်ခင်စမ်းဝင်းနှင့် ဦးသက်ထွန်းဦးတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ- ဒေါ်သပြေခိုင်ဇာ [၁၂/မရက(နိုင်)၁၃၄၁၂၁]က အပြီးအပိုင်ဝယ်ယူရန် (၁၈-၃-၂၀၂၅)နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ရောင်းချသူများကလည်း ရောင်းချသည့် မြေကွက်နှင့်ပတ်သက်၍ ၎င်းတို့ကိုယ်တိုင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုခဲ့ကြပါသည်။

သို့ပါ၍ အထက်ပါ မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများ ပြသ၍ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း/အဝယ် ကိစ္စပြီးမြောက်ရေးအတွက် ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတက်ဝင်းမြိုင် (စဉ်-၁၉၅၃/၈၀) B.A (LAW).,LL.B.** **ဒေါ်သီသီလှိုင်(စဉ်-၁၄၆၁၈) LL.B.,D.M.L.** **ဒေါ်ထွေးဆုပိုင်စိုး(စဉ်-၁၆၃၀၈) LL.B.,LL.M.**
**(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)** **(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် -၁၀/၁၂၊ ပထမထပ်၊ ၃၅ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၄၃၃၃၀၁၈၊ ၀၉-၉၆၆၈၁၁၉၁၇**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးကြီးစိန်မှတ်(ငြိမ်း)

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ကြည်း- ၁၀၃၀၃**
**ဗိုလ်သင်တန်းအပတ်စဉ်(၃၁)**

**အသက်(၈၄)နှစ်**

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ (ဦးညိုကြီး-ဒေါ်ရွှေစု)တို့၏ သား၊ (ဦးထွန်းမောင်-ဒေါ်တင်တင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ (ဒေါ်ခင်သန်းနွဲ့)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲထွန်းဦး [MD/GET(Myanmar)]၊ တွဲဖက်ပါမောက္ခ ဒေါက်တာစောနန္ဒာဦး၊ ဒေါ်အိရွှေစင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဆုဝန်းပြည့် [ပဥ္စမနှစ်၊ B.E(EP)/WYTU]၊ မောင်စွမ်းရည်ထက် (ဒုတိယနှစ်၊ B.Sc, Computer Science)တို့၏ အဘိုးသည် ၁၉-၃-၂၀၂၅ ရက် ည ၁၁:၁၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၃-၃-၂၀၂၅ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံငြိမ်းအေးဇရပ်၌ တရားနာယူ၍ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၃-၂၀၂၅ (အင်္ဂါနေ့)တွင် အမှတ်(၁၆၀)၊ ပြည်ထောင်စုလမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ရှိ နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၁၀၃၀၃ ဗိုလ်မှူးကြီးစိန်မှတ် (ငြိမ်း)**
**O.T.S (31)**

**အသက် (၈၄)နှစ်**

ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၃၁/၁၆၀)နေ (ဒေါ်ခင်သန်းနွဲ့)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီး စိန်မှတ်(ငြိမ်း)သည် ၁၉-၃-၂၀၂၅ရက် ည ၁၁:၁၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် မင်္ဂလာဒုံ၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S (31)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄)၊မြေကွက်အမှတ်(၈၈/ခ)၊မြေကွက်တည်နေရာအမှတ်(၈၈/ခ)၊သုတ(၃)လမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်မြင့်မြင့်ကြည်(KPW-၁၀၈၈၅၄)အမည်ပေါက်၊နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ဒေါ်မြင့်မြင့်ကြည်(အပို/ကြီး:ဘ၀)ဖြင့်ကွယ်လွန်သဖြင့်မောင်အရင်းဖြစ်သူဦးတင်ဝင်း(၁၂/ဥကတ(နိုင်)၀၄၄၉၂၀)မှမောင်တော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်-(၃၁၁၄/၂၀၂၄(၂၃-၁၂-၂၀၂၄)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာပါသည်။မြေစာရင်းမှတ်ချက်(၁)ရှိ(၂၀၀၄)ခုနှစ်ဘဏ်ချေးမြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍လျှောက်ထားသူထံသို့အကြောင်းကြားခဲ့ရာလျှောက်ထားသူမှဘဏ်ချေးမြေပုံမူရင်းမှာအထားအသိမှားယွင်း၍ပျောက်ဆုံးသွားခဲ့ပြီးအခြားမည်သူတစ်ဦးတစ်ယောက်မျှရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိကြောင်းနှင့်ယင်းမြေကွက်နှင့်ပတ်သက်၍အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူကြောင်းကျမ်းကျိန်လွှာအမှတ်(၁၂၄၁/၂၀၂၅)(၂၀-၁-၂၀၂၅)ဖြင့်တင်ပြ၍ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၇၊မြေကွက်အမှတ်-၅၁၇၊မြေကွက်တည်နေရာအမှတ်-၅၁၇၊မဇ္ဈာရုံလမ်း၊(၄၇)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးသက်ခိုင်(၁၂/မရက(နိုင်)၀၅၆၂၉၇)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးသက်ခိုင်(၁၂/မရက(နိုင်)၀၅၆၂၉၇)ထံမှအရောင်းအဝယ်စာချုပ်အမှတ်-၈၈၅/၈-၂-၂၀၂၄ဖြင့်ဝယ်ယူသူဦးစည်သူကျော်(၁၂/ကမရ(နိုင်)၀၅၅၆၇၁)မှနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊အရောင်းစာချုပ်၊အမြတ်ခွန်ချလံ၊နိုင်/ကတ်တို့တင်ပြ၍အမည်ပြောင်းလျှောက်ထားလာခြင်းအားမြေစာရင်းစိစစ်ရာမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှလွှဲပြောင်းပေးသောမြို့မြေစာရင်း(TLR)အတွဲ(၃)စာမျက်နှာ(၅၁)တွင်အမည်ပေါက်-Dr.စီခိုင်မင်း(H/RGN-၀၀၄၆၁၇)ဟုလည်းကောင်းရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏မြို့မြေစာရင်း(TLR)တွင်အမည်ပေါက်-ဦးသက်ခိုင်(၁၂/မရက(နိုင်)၀၅၆၂၉၇)ဟုအမည်ပေါက်ကွဲလွဲနေပြီးမြေစာရင်း(၂)ခုထပ်၍မှတ်သားထားပါသဖြင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့အကြောင်းကြားခဲ့ရာ(၂၃-၉-၂၀၂၄)ရက်စွဲပါစာဖြင့်ယင်းဌာနရှိမှတ်တမ်းများအရမြေငှားစာချုပ်အမည်ပေါက်မှာDrစီခိုင်မင်း(H/RGN-၀၀၄၆၁၇)(ဘ)ဦးစီလျှံထန်အမည်ဖြင့်မြေငှားစာချုပ်(ဂရန်)မူရင်းအားဌာနသို့လွှဲပြောင်းပေးပြီးဖြစ်ပါသဖြင့်ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်ရန်ဟုပြန်ကြားလာသဖြင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှလွှဲပြောင်းပေးသောဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်(၄၇)၊မြေကွက်အမှတ်(၅၁၇)၊နှစ်(၆၀)ဂရန်မြေ၊အမည်ပေါက်-Drစီခိုင်မင်း(H/RGN-၀၀၄၆၁၇)(ဘ)ဦးစီလျှံထန်အမည်ဖြင့်မှတ်သားထားသောမြေစာရင်းနှင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အားပယ်ဖျက်ပြီးဖြစ်ပါသည်။မြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်(၂)ထပ်တိုက်အဆောက်အဦရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ဦးစည်သူကျော်မှာဘန်ကောက်သို့ဆေးကုသမှုခံယူရန်သွားရောက်နေခြင်းဖြစ်၍အဒေါ်ဖြစ်သူဒေါ်ကျင်တီမှမြေပြင်တွင်စောင့်ဆိုင်းလက်မှတ်ရေးထိုးပါသဖြင့်ဦးစည်သူကျော်မှအမည်ပြောင်းလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရားအမကြီး**
**ဒေါ်မေမေမြင့်(သံတွဲ)**

**အသက်(၈၈)နှစ်**

ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်၊ စစ်ကိုင်းလမ်း၊ ခြံအမှတ်(၂)နေ သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်တင်ကျော်၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်မေမေမြင့် အသက်(၈၈)နှစ်သည် ၁၉-၃-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) ည ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊အမှုထမ်းများ**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မေမေမြင့်(သံတွဲ)**

**အသက်(၈၈)နှစ်**

ပါမောက္ခ ဒေါက်တာတင်တင်ကျော် (ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်)၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်မေမေမြင့် အသက်(၈၈)နှစ်သည် ၁၉-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့) ည ၇:၃၀ နာရီတွင် ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်၊ စစ်ကိုင်းလမ်း၊ ခြံအမှတ်(၂)နေအိမ်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၊မြေကွက်အမှတ်၇၄၂၊မြေကွက်တည်နေရာအမှတ်-၇၄၂၊ပတ္တမြားလမ်း၊(၅)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးတင်ရွှေ(ISN-၁၅၅၉၂၇)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်(ဖခင်)ဦးတင်ရွှေသည်(၉-၁၂-၂၀၂၃)ရက်နေ့နှင့်(မိခင်)ဒေါ်ခင်မြသည်(၂-၂-၂၀၀၈)ရက်နေ့တို့တွင်ကွယ်လွန်ခဲ့ကြသဖြင့်သား/သမီးများဖြစ်ကြသောဦးခင်မြင့်(၁၂/သဃက(နိုင်)၀၇၂၈၃၁)ဒေါ်သန်းသန်းအေး(၁၂/သဃက(နိုင်)၁၂၀၂၉၂)၊ဦးလှမြင့်(၁၂/သဃက(နိုင်)၁၂၁၅၄၉)၊ဦးဟန်မြင့်(၁၂/သဃက(နိုင်)၁၂၀၂၁၁)၊ဦးမျိုးနိုင်ထွန်း(၁၂/ဒဂရ(နိုင်)၀၀၄၂၈၄)၊ဦးခင်မောင်ထွန်း(၁၂/ဒဂရ(နိုင်)၀၁၀၇၃၀)၊ဦးဟန်ဝင်း(၁၂/ဒဂရ(နိုင်)၀၀၇၀၆၁)တို့မှသား/သမီးအရင်းများတော်စပ်ကြောင်းနှင့်အခြားသောအမွေစားအမွေခံကိတ္တိမသား/သမီးများမရှိကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာများ၊သေစာရင်းများ၊အိမ်ထောင်စုစာရင်းများ၊နှစ်(၆၀)ဂရန်နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်၁ထပ်သွပ်မိုးအုတ်ညှပ်အခန်းတွဲ၁လုံးတွင်လျှောက်ထားသူ၃ဦးနေထိုင်ပြီးအေး(၂၀'×၆၀')တွင်အုတ်ညှပ်(၁)လုံးရှိပြီးအရပ်စာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်မြမြသန်းနေထိုင်ပါသည်။ကွင်းဆင်းသိရှိကြောင်းအားလျှောက်ထားသူတို့မှလက်မှတ်ရေးထိုးပေးပြီးဝင်စာအမှတ်-၂၅၀၆(၁၀-၃-၂၀၂၅)ဖြင့်လျှောက်ထားသူများမှအရပ်စာချုပ်ဖြင့်ရောင်းချထားခြင်းနှင့်ပတ်သက်၍တာဝန်ယူကြောင်းနှင့်ဝယ်ယူထားသူမှလည်းဦးခင်မြင့်+၆တို့၏ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းကိုသိရှိသဘောတူကြောင်းဝန်ခံကတိပြုတင်ပြထားပါသည်။သို့ဖြစ်ပါ၍ဦးခင်မြင့်+၆တို့၏ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၅၄၊မြေကွက်အမှတ်-၆၉၁/က၊မြေကွက်တည်နေရာအမှတ်-၆၉၁/က၊ဇွဲကပင်လမ်း၊(၅၄)ရပ်ကွက်၊ဒဂုံတောင်၊ဦးမင်းသိန်း(၆/ကသန(နိုင်)၀၀၄၆၅၆)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်အမည်ပေါက်-ဦးမင်းသိန်းအားတရားပြိုင်ထားကာတရားမကြီးမှုအမှတ်-၄၀/၂၀၂၄ခုနှစ်တွင်ဒေါ်ဖြူဖြူမှတရားလိုပြုလုပ်၍အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်တရားစွဲဆိုခဲ့ရာ(၂၁-၁၀-၂၀၂၄)ခုနှစ်တွင်အနိုင်ဒီကရီချမှတ်ခဲ့ပြီးတရားမဇာရီမှုအမှတ်-၂၈/၂၀၂၄၏နေ့စဉ်မှတ်တမ်း၊(၁၅-၁-၂၀၂၅)တွင်ဘီလစ်ခန့်အပ်ရန်ချမှတ်သည့်ထုံးပုံကျအပြီးသတ်အမိန့်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၊(၂၈-၁-၂၀၂၅)ရက်စွဲပါစာအမှတ်-၆၈/၅-၁/၂၀၂၅၏ဘီလစ်ခန့်စာ၊တရားရုံးကိုယ်စားဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင်(၁၂/သဃက(နိုင်)၀၉၂၅၆၂)မှနှစ်(၆၀)မြေငှားစာချုပ်မူရင်း၊တရားရုံးအမိန့်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၂)ထပ်ခွဲRCအဆောက်အဦးရှိပြီးကိုယ်တိုင်နေထိုင်ပြီးတရားနိုင်ဒေါ်ဖြူဖြူမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်ဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင်၏အရောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ဒုတိယဗိုလ်မှူးကြီး ဦးကျော်သန်း (ငြိမ်း)

**ဒုတိယဝန်ကြီး(ငြိမ်း)၊ သမဝါယမဝန်ကြီးဌာန**

**အသက် (၁၀၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၆/က)၊ သစ်ယာပင်လမ်းသွယ်(၂)၊ (၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ (ဦးထင်ကျော်-ဒေါ်ဒေါ်လှ)တို့၏ သား၊ ဦးတင်ထွန်းလွင်-ဒေါ်သန်းသန်းငွေ၊ ဦးတင်ထွန်းနိုင်-ဒေါ်ခင်လေးနိုင်၊ ဦးခင်မော်-(ဒေါ်သင်းသင်းဆွေ)၊ ဒေါ်မြင့်မြင့်သန်း၊ ဦးဉာဏ်ထွန်းလင်း-ဒေါ်သင်းသင်းဟန်၊ ဦးသန်းနိုင်၊ဒေါ်ခင်ခင်ကျော်တို့၏ ဖခင်၊ မြေး ကိုးယောက်တို့၏ အဘိုး၊ မြစ်တစ်ယောက်၏ ဘိုးဘိုးကြီး၊ (ဒေါ်အမာတင်)၊ ဒေါ်သက်ယုံတို့၏ ခင်ပွန်းသည် ၁၉-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ည ၇:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၀-၃-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

[ကွယ်လွန်သူအား ရည်စူးလျက် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အားပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Dr. သုတ

**ပါမောက္ခ(ငြိမ်း)၊ ဆေးတက္ကသိုလ်(၂)**

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁၄၆/ခ)၊ စန္ဒာသီရိလမ်းသွယ်၊ ပြည်လမ်းနေ (ဦးမောင်ရွှေ-ဒေါ်စောကြည်)တို့၏ သား၊ (ဦးစံရှိန်-ဒေါ်သန်းသန်း)တို့၏ သားသမက်၊ Dr. မြင့်မြင့်ရှိန်၏ ချစ်လှစွာသောခင်ပွန်း၊ Dr.မင်းသုအောင်-ဒေါ်နွယ်နွယ်အောင်၊ ဦးကိုကိုမောင်-ဒေါ်အေးသူဇာ၊ ဦးမင်းသိုက်-Dr. နွယ်နွယ်တို့၏ ကျေးဇူးရှင်ဖခင်၊ မမေမြတ်နိုးအောင်(နိုးနိုး)၊ မောင်အောင်ဟိန်းထက်-မနှင်းအိဖြူ (အလိမ္မာ)၊ မရှင်မိုးဝေ(ပုံပုံ)၊ မောင်မင်းကောင်းခန့်(ဂျူးဂျူး)၊ မောင်ဘုန်းပြည့်မောင်တို့၏ ဘိုးဘိုး၊ မခေတ်နေခြည်သစ် (ရွှေရုပ်)၏ ဘိုးဘိုးကြီး ဦးသုတသည် ၂၀-၃-၂၀၂၅ (ကြာသပတေးနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၂၅ (သောကြာနေ့) ညနေ ၃:၁၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသာည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ စန်ရိကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာ၊ ဦးပိုင်/မြေကွက် အမှတ်(၁၂၉)၊ အကျယ်အဝန်း ပေ(၁၀၀x၁၀၀)ရှိ မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသော မြေကွက်အမှတ်(၃) အကျယ်အဝန်း ပေ(၂၀x၉၀)ရှိ မြေကွက်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးချစ်စိုးဟိန်း [၁၂/ထတပ(နိုင်)၀၇၂၆၂၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးအောင် [၉/ဝတန(နိုင်)၁၈၆၄၃၆]သည် အထက်ဖော်ပြပါမြေကွက်အား ဝယ်ယူရန်အတွက် (၁၈-၃-၂၀၂၅)ရက်နေ့တွင် အရောင်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဌေးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူဇင်ခိုင် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၃၆)**
**အမှတ်- ၃၃၅၊ မာန်ပြေ (၈)လမ်း(အရှေ့)၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၃၃၀၇၁၅၅၊ ၀၉-၄၅၄၈၃၉၂၁၉**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၊ သိင်္ဂီ(၄)လမ်း၊ မြေကွက်အမှတ်- ၂၁၅၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၂၁၄)နှင့် ကပ်လျက်ဘက်ခြမ်း၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးအောင်လှိုင်နှင့် ဦးစန်းယုအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စွာထွန်းမြင့် [၁၂/သကတ(နိုင်)၀၁၄၂၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ခိုင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၄၃)**
**အမှတ်- ၃၉၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၆၃၃၄၆၀၁၇**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံကိုဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏ အဓိကဒေါက်တိုင်ဖြစ်သော တပ်မတော်ကိုဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိ တပ်မတော်သားနှင့် မိသားစုဝင်များအနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင်ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ယနေ့ကျင်းပမည့် ONE Friday Fights 101 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦး၏ တွဲဆိုင်းများပါဝင်မည်



မြန်မာဖိုက်တာ သွေးလင်းထက်

ရန်ကုန် မတ် ၂၀

မတ် ၂၁ ရက်တွင် ကျင်းပမည့် ONE Friday Fights 101 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦးဖြစ်သည့် သွေးလင်းထက်နှင့် အဲမ္ဘီတို့၏ တွဲဆိုင်းများပါဝင်လာမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး သွေးလင်းထက်က ထိုင်းဖိုက်တာ ဝမ်တာဝီ၊ အဲမ္ဘီက အစ္စရေး/အမေရိကန်ဖိုက်တာဂေါ်ဒွန်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

### ၂၀ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၅၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

စာမျက်နှာ » ၁၄